မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၃ ] ရန်ကုန်မြို့ { ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် ( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၄/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးဆွန်ဒုတ်ကျင့် ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ယင်း၏ သဘောဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

**ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ
# (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေဆိုင်ရာအထောက်အကူ**ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာအသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ကို ဆိုသည်။

(ခ) **ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများ**ဆိုသည်မှာ ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသည့် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ အထူးပြုစုစောင့်ရှောက်မှုလိုအပ်နေသူများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ခုခံအားကျဆင်းမှုရောဂါ သို့မဟုတ် အခြားကူးစက်မြန်ရောဂါခံစားနေရသူများ၊ နိုင်ငံမဲ့များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံခြားသားများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ဒုက္ခသည်များကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကိုလည်းကောင်း၊ ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သောသက်သေများကိုလည်းကောင်း ဆိုသည်။

(ဂ) **ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ**ဆိုသည်မှာသက်ဆိုင်သည့်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ဥက္ကဋ္ဌကို ဆိုသည်။

(င) **ရှေ့နေ**ဆိုသည်မှာ တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေကို ဆိုသည်။

(စ) **ဥပဒေဆိုင်ရာအထောက်အကူပေးသူ**ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူပေးသည့်ရှေ့နေ သို့မဟုတ် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူကို ဆိုသည်။

(ဆ) **ဥပဒေဆိုင်ရာအထောက်အကူပေးသည့်ရှေ့နေ**ဆိုသည်မှာ ဥပဒေဆိုင်ရာအကူအညီပေးရန် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ဆောင်ရွက်သောရှေ့နေ၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က တာဝန်ပေးအပ်သည့် ရှေ့နေ သို့မဟုတ် ငှားရမ်းသည့်ရှေ့နေကို ဆိုသည်။

(ဇ) **ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာအထောက်အကူပေးသူ**ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူပေးသည့် ရှေ့နေ၏ကြီးကြပ်မှုဖြင့် အခမဲ့ဥပဒေအကြံပေးခြင်းနှင့် ဥပဒေဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တရားဝင်အသိအမှတ်ပြု၍ တာဝန်ပေးအပ်ထားသူကို ဆိုသည်။

(ဈ) **ဆင်းရဲနွမ်းပါးသူ**ဆိုသည်မှာ ပြစ်မှုဆိုင်ရာ မှုခင်းကိစ္စများတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ရှေ့နေငှားရန် ငွေကြေးမပြည့်စုံကြောင်း ဤဥပဒေအရ သတ်မှတ်ခြင်းခံရသူကို ဆိုသည်။

(ည) **ကလေးသူငယ်**ဆိုသည်မှာ အသက် ၁၈နှစ် မပြည့်သေးသောသူကို ဆိုသည်။

(ဋ) **မသန်စွမ်းသူ**ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကို ဆိုသည်။

(ဌ) **အသိအမှတ်ပြုအဖွဲ့အစည်း**ဆိုသည်မှာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှုအခွင့်အရေးတို့ကို ဤဥပဒေနှင့်အညီ ခံစားခွင့်ရရှိစေရန်၊

(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်တို့တွင် ဥပဒေဆိုင်ရာအထောက်အကူရရှိစေရန်၊

(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူ သိရှိနားလည်ကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်၊

(ဃ) ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုပိုမိုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှု မြင့်မားလာစေရန်၊

(င) ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှုပြုလုပ်စဉ်ကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့်ကာလ လျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်၊

(စ) အမှုများကို မှန်မှန်နှင့် မြန်မြန်စီရင်ဆုံးဖြတ်နိုင်ရေးအတွက် အထောက်အကူပြုရန်၊

(ဆ) မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်၊

(ဇ) ကုလသမဂ္ဂအထွေထွေညီလာခံက ထုတ်ပြန်ထားသည့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေး အခြေခံသဘောတရားများ၊ လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## အခြေခံမူများ

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် အများပြည်သူက ယုံကြည်စိတ်ချရပြီး စဉ်ဆက်မပြတ် ထိရောက်စွာ အသုံးပြုနိုင်သော ဥပဒေဆိုင်ရာအထောက်အကူပေးသည့်စနစ် ဖြစ်ပေါ်စေရေး၊

(ခ) ပြစ်မှုကျူးလွန်ခြင်းများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အများပြည်သူအား ဥပဒေဆိုင်ရာ ဗဟုသုတတိုးပွားစေရန် ပညာပေးရေး၊

(ဂ) ပြစ်မှုဖြင့် စွပ်စွဲခံရသူများ၊ တရားစွဲဆိုခံရသူများနှင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

(ဃ) ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူများကို ဥပဒေဆိုင်ရာအထောက်အကူပေးရေး၊

(င) ထူးခြားသည့် အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သော သက်သေများကို ဥပဒေဆိုင်ရာအထောက်အကူပေးရေး၊

(စ) ဥပဒေဆိုင်ရာ အထောက်အကူ တောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ ကျား၊ မ၊ နိုင်ငံသားမခွဲခြားဘဲ ဥပဒေဆိုင်ရာအထောက်အကူပေးရေး၊

(ဆ) ပြစ်မှုဆိုင်ရာတရားစီရင်ရေး လုပ်ငန်းအဆင့်ဆင့်တွင် မှန်ကန်မျှတ၍ ထိရောက်သောဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းကို ဆောလျင်စွာရရှိစေရေး၊

(ဇ) ဥပဒေဆိုင်ရာအထောက်အကူပေးသည့်စနစ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူသိရှိစေရေး၊

(ဈ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများအား ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး။

## အခန်း (၄)

## ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး၊ — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုရှေ့နေချုပ်မှ ရွေးချယ်တာဝန်ပေးအပ်သည့်ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဃ) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးရာထူးအောက် မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(င) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(စ) ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်တစ်ခုခုမှ ဥပဒေပါမောက္ခတစ်ဦး၊ — အဖွဲ့ဝင်

(ဆ) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး၊ — အဖွဲ့ဝင်များ

(ဇ) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ — အဖွဲ့ဝင်

(ဈ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းပြီး ပြည်ထောင်စုတရားသူကြီးချုပ်က အတည်ပြုသော တရားလွှတ်တော် ရှေ့နေအဖြစ် ၁၅ နှစ်အောက်မနည်း အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။ — အတွင်းရေးမှူး

၆။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများအတွက် မူဝါဒချမှတ်ခြင်း၊

(ခ) ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသည့် ပြစ်မှုများကို သတ်မှတ်ခြင်း၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်၏ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(ဃ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များက ဝန်ဆောင်မှုပေးရာတွင် ဥပဒေနှင့်ညီညွတ်မှုရှိစေရန် ကြီးကြပ်ခြင်း၊

(င) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများကို ကူညီနိုင်ရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး နည်းလမ်းများ သတ်မှတ်ထားရှိခြင်းနှင့် ယင်းကိစ္စရပ်များကို အများပြည်သူသိရှိနိုင်ရန် အသိပညာပေးခြင်း၊

(ဆ) ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများအား ဆင်းရဲနွမ်းပါးသူအဖြစ် မှတ်ယူရမည့်အချက်များကို သတ်မှတ်ခြင်း၊

(ဇ) ပြစ်မှုများနှင့်သက်ဆိုင်သည့် ပြင်ဆင်မှု၊ အယူခံမှုနှင့် အထွေထွေလျှောက်ထားမှုများတွင် ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများအား ကူညီဆောင်ရွက်ခြင်း၊

(ဈ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ည) ဥပဒေအကူအညီပေးရေးလုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရေးအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(ဋ) အသိအမှတ်ပြု အဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(ဌ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တို့၏ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်ရန် အကူအညီများပေးခြင်း၊

(ဍ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ထူးခြားသော အခြေအနေကို ပြည်ထောင်စုတရားသူကြီးချုပ်သို့ အခါအားလျော်စွာတင်ပြခြင်း။

၇။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် လိုအပ်ပါက သုံးဦးထက်မပိုသော အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားနိုင်သည်။ ထိုပုဂ္ဂိုလ်များကို အစည်းအဝေးသို့ ပါဝင်တက်ရောက်ခွင့်ပြုနိုင်သော်လည်း မဲပေးခွင့်မပြုရ။

## အခန်း (၅)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး၊ ဥက္ကဋ္ဌ

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဒုတိယညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့ဝင်

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့ဝင်

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့ဝင်

(င) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့်စပ်ဆိုင်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး၊ အဖွဲ့ဝင်များ

(စ) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူးတစ်ဦး၊ အဖွဲ့ဝင်

(ဆ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က အတည်ပြုသော တရားလွှတ်တော်ရှေ့နေအဖြစ် ၁၀နှစ် အောက်မနည်း အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။ အတွင်းရေးမှူး

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဥပဒေဆိုင်ရာအထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ခွင့်ပြုပေးနိုင်ရေးအတွက် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊

(င) အသိအမှတ်ပြုအဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(စ) မိမိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့် စရိတ်များရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

## အခန်း (၆)

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က ပုဒ်မ ၁၂ အရ ဖွဲ့စည်းပေးသော မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များအနက် -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖြစ်ပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ အုပ်ချုပ်ရေးရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူ ဆောင်ရွက်ရမည်။

(ခ) အုပ်ချုပ်ရေးဆိုင်ရာ ခရိုင်ရုံးစိုက်သည့် မြို့နယ်ရှိ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ခရိုင်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဖြစ် ပူးတွဲတာဝန်ယူ ဆောင်ရွက်ရမည်။

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များနှင့် ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးခြင်းကို အများပြည်သူ ယုံကြည်နားလည်လက်ခံလာစေရန် အသိပညာပေးဆွေးနွေးခြင်း၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာအထောက်အကူပေးသူများလူမှုအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

(င) ဥပဒေရေးရာနှင့်တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(စ) အသိအမှတ်ပြုအဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

(ဆ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့်စရိတ်များရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

## အခန်း (၇)

## မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်သည် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) မြို့နယ်အတွင်း အများကယုံကြည်လေးစားပြီး ဂုဏ်သတင်းရှိသော ဥက္ကဋ္ဌ ဥပဒေပညာ တတ်ကျွမ်းနားလည်သူတစ်ဦး၊

(ခ) မြို့နယ်အတွင်း ဥပဒေဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်သည့် အဖွဲ့ဝင်များ အတွေ့အကြုံရှိပြီး အများကယုံကြည်လေးစားသည့် ဒေသခံနှစ်ဦး၊

(ဂ) လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အဖွဲ့ဝင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်တစ်ဦး၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်မှ အမည်စာရင်း အတွင်းရေးမှူး တင်သွင်းပြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အတည်ပြုသော ၃နှစ် အောက်မနည်း အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး။

၁၃။ မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည် -

(က) ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်း ပြန့်ပွားစေရန် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်း၊

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများကို အများပြည်သူ ယုံကြည်နားလည်လက်ခံ လာစေရန် အသိပညာပေးဆွေးနွေးခြင်း၊

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေဆိုင်ရာအထောက်အကူပေးသူများ၊ လူမှုအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ဥပဒေအကူအညီပေးရေးလုပ်ငန်းလုပ်ဆောင်လိုသော အဖွဲ့အစည်းများက ဥပဒေဆိုင်ရာအထောက် အကူပေးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် လျှောက်ထားလာပါက စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြုအဖွဲ့အစည်းအဖြစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

(င) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တို့၏ လမ်းညွှန်ချက်များ၊ သတ်မှတ်ချက်များ နှင့်အညီ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(စ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများအလိုက် ပါဝင်ဆောင်ရွက်မည့် ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သို့ လစဉ်တင်ပြခြင်း။

## အခန်း (၈)

## ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ အဖွဲ့ဝင်တို့၏ သက်တမ်းနှင့် အစားထိုးခန့်ထားခြင်း

၁၄။ (က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှ ငါးနှစ်ဖြစ်သည်။

(ခ) ရာထူးအလျောက် တာဝန်ပေးအပ်ထားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့ဝင်များမှအပ ကျန်အဖွဲ့ဝင်တစ်ဦးသည် အဖွဲ့ဝင်အဖြစ် တစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခြင်း မပြုရ။

၁၅။ (က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တွင် အဖွဲ့ဝင်နေရာ လစ်လပ်ပါက လစ်လပ်သည့်နေရာအလိုက် အစားထိုးခန့်အပ်နိုင်သည်။

(ခ) ထိုသို့ ဖြည့်စွက်ခန့်ထားခြင်းခံရသောအဖွဲ့ဝင်၏ သက်တမ်းသည် ကျန်ရှိသည့်ရာထူးသက်တမ်း ကုန်ဆုံးချိန်အထိ ဖြစ်သည်။

၁၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေး အဖွဲ့ဝင်များသည် အောက်ဖော်ပြပါအခြေအနေများ ပေါ်ပေါက်ပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲစေရမည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ သက်တမ်းကုန်ဆုံးခြင်း၊

(ခ) ဥက္ကဋ္ဌထံ စာဖြင့်ရေးသား၍ မိမိဆန္ဒအလျောက်ရာထူးမှ နုတ်ထွက်ကြောင်း တင်ပြခြင်း၊

(ဂ) အဖွဲ့ဝင်များထဲမှ အနည်းဆုံး သုံးပုံနှစ်ပုံက အဖွဲ့ဝင်တစ်ဦးကို ဆက်လက်တာဝန်ပေးအပ်ရန် မသင့်လျော်ကြောင်း အကြောင်းပြချက်ဖြင့် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန်တင်ပြလာပါက -

(၁) ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ဝင်ဖြစ်ပါက လိုအပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီး ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ပြည်ထောင်စုတရားသူကြီးချုပ်က အဖွဲ့ဝင်အဖြစ်မှရပ်စဲရန် ဆုံးဖြတ်ခြင်း၊

(၂) မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်ဖြစ်ပါက လိုအပ်သော စုံစမ်း စစ်ဆေးမှုများပြုလုပ်ပြီး ခိုင်လုံသော အထောက်အထားတွေ့ရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရန်ဆုံးဖြတ်ခြင်း၊

(ဃ) လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊

(င) ဥပဒေအရ သတ်မှတ်သော ဆေးဘုတ်အဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချွတ်ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိခြင်း၊

(စ) ကွယ်လွန်ခြင်း။

## အခန်း (၉)

## ဥပဒေဆိုင်ရာအထောက်အကူရရှိရန် တောင်းခံခြင်းနှင့် ဥပဒေဆိုင်ရာအထောက်အကူပေးခြင်း

၁၇။ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများသည် ဥပဒေဆိုင်ရာအထောက်အကူ ရယူလိုပါက သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြတောင်းခံနိုင်သည်။

၁၈။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပုဒ်မ ၁၇ အရ တင်ပြတောင်းခံချက်ကို လက်ခံရရှိသည့်အခါ -

(က) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက လိုအပ်သောဥပဒေဆိုင်ရာအထောက်အကူပေးရန် ဆောင်ရွက်ရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိလျှင် ကျိုးကြောင်းဖော်ပြ၍ ဥပဒေဆိုင်ရာအထောက်အကူပေးရန် ငြင်းဆိုနိုင်သည်။

၁၉။ ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ ငြင်းဆိုခြင်းခံရလျှင် ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်ထံ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၁၀)

## ဥပဒေဆိုင်ရာအထောက်အကူပေးသူ သို့မဟုတ် အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် လျှောက်ထားခြင်းနှင့် တာဝန်ပေးအပ်ခြင်း

၂၀။ ရှေ့နေများသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များတွင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးရှေ့နေအဖြစ် တာဝန်ပေးရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်သည်။

၂၁။ အောက်ပါပုဂ္ဂိုလ်များသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များတွင် ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူအဖြစ် တာဝန်ပေးရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားနိုင်သည် -

(က) အစိုးရအသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုတွင် ဥပဒေပညာသင်ယူနေသူနှင့် ယင်းတက္ကသိုလ်တစ်ခုခုမှ ဥပဒေဘွဲ့ရရှိပြီးသူ၊

(ခ) ဥပဒေဘွဲ့မရရှိသော်လည်း တရားစီရင်ရေးလုပ်ငန်း၊ ဥပဒေနှင့်သက်ဆိုင်သောလုပ်ငန်း သို့မဟုတ် ရုံးဌာနများတွင် အတွေ့အကြုံရှိသူ။

၂၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်းတစ်ခုခုသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများတွင် အသိအမှတ်ပြု အဖွဲ့အစည်းအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ရန် သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၃။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ပုဒ်မ ၂၂ အရ လျှောက်ထားချက်ကို စိစစ်ပြီး သက်ဆိုင်သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သို့ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။

၂၄။ ဥပဒေဆိုင်ရာအထောက်အကူပေးသူနှင့် အသိအမှတ်ပြုအဖွဲ့အစည်းများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ဥပဒေဆိုင်ရာအထောက်အကူပြုရေးအဖွဲ့များ၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

## အခန်း (၁၁)

## ဥပဒေဆိုင်ရာအထောက်အကူပေးရေး လုပ်ငန်းများ

၂၅။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံရသူနှင့် ပတ်သက်၍ -

(က) ရဲစခန်း သို့မဟုတ် အခြားတစ်နေရာ၌ ထိန်းသိမ်းခြင်း သို့မဟုတ် ဖမ်းဆီးခြင်းခံရသူ၏ မိသားစုများကို အသိပေးအကြောင်းကြားခြင်းနှင့် လိုအပ်ပါက ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာအထောက်အကူပေးနိုင်ရန် ဆောင်ရွက်ရမည်။

(ခ) တရားရုံးတွင် ချုပ်မိန့်တောင်းခံသည့်အခါတွင်ဖြစ်စေ၊ ချုပ်မိန့်ဖြင့် ဆက်လက်ချုပ်နှောင်ခံရသည့် အခါတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။

(ဂ) တရားစွဲတင်မည့် ရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းက စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ စိစစ်ဆောင်ရွက်ရာတွင်ဖြစ်စေ ခုခံချေပနိုင်ရေးအတွက် ဥပဒေဆိုင်ရာ အထောက်အကူ ပေးရမည်။

(ဃ) တရားရုံးတွင် အမှုစစ်ဆေးဆဲကာလအတွင်း လိုအပ်သော ဥပဒေဆိုင်ရာအထောက်အကူပေး ရမည်။

၂၆။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် ပြစ်ဒဏ်ချမှတ်ခံရသော တရားခံနှင့်ပတ်သက်၍ -

(က) အယူခံမှု၊ ပြင်ဆင်မှုနှင့် အထွေထွေလျှောက်ထားမှုများတွင် လိုအပ်သောဥပဒေဆိုင်ရာ အထောက် အကူပေးရမည်။

(ခ) အချုပ်စခန်း၊ အကျဉ်းထောင် သို့မဟုတ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် သက်မွေး ပညာသင် စခန်းများသို့ အပို့ခံရသူများ ရထိုက်သည့်သက်သာခွင့်အရပ်ရပ်အတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရမည်။

၂၇။ ဥပဒေဆိုင်ရာအထောက်အကူပေးသူသည် စွပ်စွဲခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းချခြင်းခံရသူနှင့် ပတ်သက်၍ -

(က) နိုင်ငံသားဖြစ်သော်လည်း ဆက်သွယ်ပြောဆိုရာ၌ ဘာသာစကား အခက်အခဲရှိလျှင် ဘာသာစကား နားလည်သူမှတစ်ဆင့် ဆောင်ရွက်ရမည်။

(ခ) နိုင်ငံခြားသားဖြစ်လျှင် ဥပဒေဆိုင်ရာအထောက်အကူရရှိနိုင်ကြောင်း စကားပြန်မှတစ်ဆင့် ရှင်းလင်းပြောကြားခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားရမည်။

(ဂ) မသန်စွမ်းသူဖြစ်လျှင် ၎င်း၏ကိုယ်အမူအရာ သို့မဟုတ် ခြေဟန်၊ လက်ဟန်၊ လက်သင်္ကေတပြ ဘာသာစကား၊ လက်စမ်းစာပေကို နားလည်သိရှိသူမှတစ်ဆင့် ဆောင်ရွက်ရမည်။

၂၈။ ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တို့ကို မထိခိုက်စေရန်လည်းကောင်း၊ ဥပဒေနှင့်အညီ ရပိုင်ခွင့်များ မဆုံးရှုံးစေရန်လည်းကောင်း အလေးထား ဆောင်ရွက်ရမည်။

၂၉။ ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ထူးခြားသည့်အကြောင်းအရာတစ်ခုခုကြောင့် အကူအညီတောင်းခံလာသည့် ပြစ်မှုနှင့်ဆိုင်သောသက်သေကို ဥပဒေဆိုင်ရာအထောက်အကူပေးရမည်။

၃၀။ ဥပဒေဆိုင်ရာအထောက်အကူပေးသူများသည် မိမိဆောင်ရွက်သော ဥပဒေဆိုင်ရာ အထောက် အကူပြုခြင်း ကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

၃၁။ ဥပဒေဆိုင်ရာအထောက်အကူပေးသူများသည် ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့် ရှိသူများထဲမှ ကလေးသူငယ်၊ မသန်စွမ်းသူ၊ အမျိုးသမီး၊ ခုခံအားကျဆင်းမှုရောဂါနှင့် အခြားကူးစက်မြန် ရောဂါခံစားနေရသူများကို ဥပဒေဆိုင်ရာ အထောက်အကူရရှိရန် ဦးစားပေးဆောင်ရွက်ရမည်။

၃၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရန် ဆုံးဖြတ်ပါက တရားစွဲမတင်မီနှင့်တရားစွဲတင်ပြီးနောက် မူလရုံးတွင်ဖြစ်စေ၊ အထက်ရုံးအဆင့်ဆင့်တွင်ဖြစ်စေ စွပ်စွဲခံရသူ၊ ပြစ်မှုကျူးလွန်ခံရခြင်းကြောင့် နစ်နာသူနှင့် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေများအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ဥပဒေဆိုင်ရာအထောက်အကူပေးသူတစ်ဦးဦးအား တာဝန်ပေး

ခန့်အပ်ရမည်။ စွပ်စွဲခံရသူတစ်ဦးထက်ပိုပါက လိုအပ်လျှင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ကို ခန့်အပ်တာဝန်ပေးနိုင်သည်။

## အခန်း (၁၂)
## ဘဏ္ဍာရေး

၃၃။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်အတွက် လိုအပ်သော ဘဏ္ဍာငွေအရအသုံးစာရင်းများကို ပြည်ထောင်စု၏ နှစ်စဉ် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြရမည်။

၃၄။ (က) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ပြည်ပမှပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ သို့မဟုတ် ပစ္စည်းများကိုလည်းကောင်း၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည် ပြည်တွင်းမှပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ သို့မဟုတ် ပစ္စည်းများကိုလည်းကောင်း စိစစ်လက်ခံနိုင်သည်။

(ခ) လက်ခံရရှိသော အလှူငွေနှင့်ပစ္စည်းများအား အဆင့်ဆင့်တင်ပြပြီး အဖွဲ့ပိုင်စာရင်း၌ လုပ်ထုံးလုပ်နည်းနှင့်အညီ ထည့်သွင်းဖော်ပြရမည်။

၃၅။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်သည် -

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီသုံးစွဲပြီး စာရင်းဇယား မှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာစာရင်းရုံး၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

၃၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်တွင် တာဝန်ပေးအပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ပုဂ္ဂိုလ်များ၊ ယင်းအဖွဲ့၏ အကြံပေးပုဂ္ဂိုလ်များ၊ ဥပဒေဆိုင်ရာအထောက်အကူ ပေးသူများအတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

## အခန်း (၁၃)
## ဥပဒေအထောက်အကူပေးသူများအား ကြီးကြပ်ခြင်း

၃၇။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် -

(က) ဥပဒေဆိုင်ရာအထောက်အကူပေးသူများနှင့်စပ်လျဉ်း၍ ဥပဒေအထောက်အကူပေးသူများအား အသိအမှတ်ပြုလွှာပေးအပ်ရာတွင် လိုအပ်သောစည်းကမ်းချက်များ သတ်မှတ်ထားရှိရမည်။

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများက ဥပဒေအထောက်အကူတောင်းခံသူများထံမှ အခကြေးငွေ သို့မဟုတ် အကျိုးအမြတ် တစ်စုံတစ်ရာတောင်းခံခြင်းမရှိစေရန် ကြီးကြပ်ရမည်။

(ဂ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများအနေဖြင့် အဂတိလိုက်စားမှုမရှိစေရန် ကြီးကြပ်ရမည်။

(ဃ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများက ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့ပါ အချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သည်ဟု သတင်းရရှိလျှင် ထိုသူအား ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တာဝန်ပေးအပ်သော ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်မှ ပုဂ္ဂိုလ်သုံးဦးပါဝင်သည့်အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးတင်ပြစေရမည်။

(င) ပုဒ်မခွဲ (ဃ) ပါစုံစမ်းစစ်ဆေးပေါ်ပေါက်ချက်အရ ယင်းဥပဒေဆိုင်ရာအထောက်အကူပေးသူအား အရေးယူနိုင်ရန် ဆောင်ရွက်ရမည်။

## အခန်း (၁၄)

## အထွေထွေ

၃၈။ တရားရုံး၊ ဥပဒေရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကျဉ်းဦးစီးဌာနနှင့် တရားစွဲအဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာအထောက်အကူတောင်းခံခွင့်ရှိသူများအတွက် ဥပဒေဆိုင်ရာအထောက်အကူရရှိရန် သက်ဆိုင်ရာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၃၉။ ဥပဒေဆိုင်ရာအထောက်အကူပေးသူများသည် မိမိကိုယ်ကျိုးအတွက်ဆောင်ရွက်ခြင်း၊ လုပ်ငန်းဆိုင်ရာ စည်းကမ်းဖောက်ဖျက်ခြင်းနှင့် တရားနည်းလမ်းတကျ ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို မဆောင်ရွက်ခြင်းများ ပေါ်ပေါက်လျှင် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးအရေးယူခြင်းခံရမည်။

၄၀။ ပြည်ထောင်စုတရားသူကြီးချုပ်သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးကို ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲတင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၄၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့တွင် ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းတာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူကို ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၂။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်က ဤဥပဒေအရ လိုအပ်သောအကူအညီများ တောင်းခံလာလျှင် အကူအညီပေးရမည်။

၄၃။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးနှင့်မသန်စွမ်းသူများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ လိုအပ်လျှင် စာချွန်တော်အမိန့် လျှောက်ထားရာ၌ အကူအညီပေးရမည်။

၄၄။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်၏ လုပ်ငန်းများကို စိစစ်သုံးသပ်နိုင်ရန် ယင်းတို့ထံမှ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို တောင်းယူနိုင်သည်။

၄၅။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေအထောက်အကူပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ထံ ခြောက်လတစ်ကြိမ် တင်ပြရမည်။

၄၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၄၇။ မိမိတို့ အစီအစဉ်ဖြင့် ဥပဒေအကူအညီပေးရေးလုပ်ငန်းလုပ်ဆောင်နေသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၈။ ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

**အထူးကုန်စည်ခွန်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **အထူးကုန်စည်ခွန်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အထူးကုန်စည်ခွန်ဥပဒေ

## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ အကျိုးသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အထူးကုန်စည်ခွန်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်**ဆိုသည်မှာ ဤဥပဒေအရပေးဆောင်ရမည့်အထူးကုန်စည်ခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တပ်ရိုက်သည့်ဒဏ်ငွေလည်း ပါဝင်သည်။

(ခ) **အခွန်ထမ်း**ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကို ဆိုသည်။

(ဂ) **အထူးကုန်စည်**ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ကုန်စည်များကို ဆိုသည်။

(ဃ) **ထုတ်လုပ်မှု**ဆိုသည်မှာ အထူးကုန်စည်ကို မိမိပိုင်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင်ဖြစ်စေ၊ အခြားသူအားအပ်နှံ၍ဖြစ်စေ ထုတ်လုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သဘာဝနည်းဖြင့်ဖြစ်စေ၊ ဖန်တီးပြုပြင်သည့်နည်းဖြင့်ဖြစ်စေ ကုန်စည်များထုတ်လုပ်သည့်လုပ်ငန်းအဆင့်ဆင့်တို့ပါဝင်သည့်အပြင် အောက်ပါတို့လည်းပါဝင်သည် -

(၁) အရက်၊ ဘီယာ၊ ဝိုင်အပါအဝင် အဖျော်ယမကာထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စ၌ ဝယ်ယူသူ၏တောင်းဆိုချက်အရ ရောစပ်ပြုပြင်ခြင်းမှတစ်ပါး ပေါင်းခံခြင်း၊ သန့်စင်ရန်နှင့် အနံ့အရသာဖြည့်စွက်ရန် ထပ်မံပေါင်းခံခြင်း၊ အချဉ်ဖောက်ခြင်း၊ ပုလင်းသွတ်ခြင်း၊ သောက်သုံးရန် ယမကာအဆင့်အတွက်လိုအပ်သည့် ပစ္စည်းများဖြည့်စွက်ခြင်းနှင့်အခြားနည်းပြုပြင်ခြင်း။

(၂) ဆေးရွက်ကြီးနှင့် သက်ဆိုင်သည့်ကိစ္စ၌ ဆေးရွက်ကြီးအရွက် သို့မဟုတ် ဆေးရွက်ကြီး ကုန်ကြမ်းမှ သောက်သုံးရန်၊ ရှူရှိုက်ရန်၊ ဝါးရန် သင့်လျော်သည်အထိ ပြုပြင်ပြောင်းလဲသည့် ဖြစ်စဉ်နှင့် ဆေးရွက်ကြီးမှ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက်နှင့် အလားတူပစ္စည်းများ ပြုလုပ်ခြင်း၊

(၃) အခြားအထူးကုန်စည်များနှင့် သက်ဆိုင်သည့်ကိစ္စ၌ စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ထုတ်ယူခြင်း၊ ပြောင်းလဲခြင်း၊ သို့မဟုတ် အရည်အသွေးကိုလည်းကောင်း၊ သဘာဝ၊ အရွယ်အစား၊ ပုံပန်းသဏ္ဌာန်၊ ပေါင်းစပ်ဖွဲ့စည်းမှုကိုလည်းကောင်း ပြောင်းလဲခြင်းနှင့် အစိတ်အပိုင်းတစ်ခု သို့မဟုတ် အစိတ်အပိုင်းများ စုစည်းခြင်း။

(င) **ထုတ်လုပ်သူ**ဆိုသည်မှာ အထူးကုန်စည်များကို မိမိပိုင်စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင်ဖြစ်စေ၊ အခြားသူအားအပ်နှံ၍ဖြစ်စေ ထုတ်လုပ်သူကို ဆိုသည်။

(စ) **တင်သွင်းသူ**ဆိုသည်မှာ အခွန်ကျသင့်ရန် သတ်မှတ်ထားသော အထူးကုန်စည်များကို ပြည်ပမှ တင်သွင်းသူကို ဆိုသည်။

(ဆ) **ရောင်းချခြင်း**ဆိုသည်မှာ အထူးကုန်စည်ကို လက်ငင်းစနစ်ဖြင့်ဖြစ်စေ၊ အကြွေးစနစ်ဖြင့်ဖြစ်စေ၊ ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချခြင်းကို ဆိုသည်။

(ဇ) **အထူးကုန်စည်ပိုင်ရှင်**ဆိုသည်မှာ အထူးကုန်စည်ကိုပိုင်ဆိုင်ရရှိထားသူကို ဆိုသည်။ ယင်းစကားရပ်တွင် အထူးကုန်စည်၏ပိုင်ရှင် သို့မဟုတ် ထုတ်လုပ်သူက လွှဲအပ်သည့်အထူးကုန်စည်ကို စီမံခန့်ခွဲ ဆောင်ရွက်ပိုင်ခွင့်ရှိသော ကိုယ်စားလှယ် သို့မဟုတ် အထူးကုန်စည်နှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့် ရှိသူလည်း ပါဝင်သည်။

(ဈ) **ခရီးသွားသူ**ဆိုသည်မှာ ပြည်ပခရီးစဉ်ဆိုင်ရာ သွားလာမှု အထောက်အထားများ ကိုင်ဆောင်ထား သူကို ဆိုသည်။ ယင်းစကားရပ်တွင် တိုက်ရိုက်ခရီးသွားလက်မှတ်ကိုင်ဆောင်၍ ခရီးစဉ်အရ တစ်ထောက်နားခရီးအဖြစ်ရောက်ရှိပြီး အခြားနိုင်ငံတစ်ခုခုသို့ ဆက်လက်ထွက်ခွာမည့်သူလည်း ပါဝင်သည်။

(ည) **ကုန်းပေါ်ရောက်တန်ဖိုး**ဆိုသည်မှာ ပြည်ပမှတင်သွင်းသော အထူးကုန်စည်အတွက် အကောက်ခွန်ဥပဒေအရ သတ်မှတ်သည့်တန်ဖိုး၊ ယင်းကုန်စည်အပေါ် စည်းကြပ်သည့် အကောက်ခွန်နှင့် ကုန်ချစရိတ်တို့ ပေါင်းစပ်ပါဝင်သောငွေကို ဆိုသည်။

(ဋ) **အခွန်လွတ်အရောင်းဆိုင်**ဆိုသည်မှာ အထူးကုန်စည်များကို ခရီးသွားသူများအား ရောင်းချရန် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ခွင့်ရရှိထားသည့် အရောင်းဆိုင်ကို ဆိုသည်။

(ဌ) **စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး**ဆိုသည်မှာ ဤဥပဒေအရ ကျသင့်သည့် အခွန်မပါသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ရောင်းဈေးတန်ဖိုးကို ဆိုသည်။

(ဍ) **ဈေးကွက်ပေါက်ဈေး**ဆိုသည်မှာ ရောင်းသူဝယ်သူတို့အကြား ဈေးနှုန်းထိန်းချုပ်ထားခြင်းမရှိဘဲ ရောင်းလိုအားနှင့် ဝယ်လိုအားတို့က အဆုံးအဖြတ်ပြုသည့် လက်လီရောင်းဈေး သို့မဟုတ် လက်လီ ရောင်းဈေးသတ်မှတ်နိုင်ခြင်းမရှိသည့် ကိစ္စရပ်များအတွက် သတ်မှတ်ချက်နှင့်အညီတွက်ချက် ရရှိသည့် ခန့်မှန်းရောင်းဈေးကို ဆိုသည်။

(ဎ) **ကြေညာလွှာ**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက မိမိ၏ထုတ်လုပ်ပြီးဖြစ်သည့် အထူး ကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းအတွက် တင်သွင်းသောပုံစံကို ဆိုသည်။

(ဏ) **စည်းကြပ်ခြင်း**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်သတ်မှတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အခွန်ထမ်းကိုယ်တိုင်က တွက်ချက် အခွန်ပေးဆောင်ပြီး၊ ကြေညာလွှာတင်သွင်းစည်းကြပ်မှု ခံယူခြင်းလည်း ပါဝင်သည်။

(တ) **နှစ်**ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်။

(ထ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဒ) **ဦးစီးဌာန**ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာနကို ဆိုသည်။

(ဓ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(န) **မြို့နယ်အခွန်ဦးစီးဌာနမှူး**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းကပေးဆောင်ရမည့်အခွန်ကို ကောက်ခံပေးရန် တာဝန်ပေးထားသည့်သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးတို့၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသည့် ဦးစီးအရာရှိများလည်း ပါဝင်သည်။

## အခန်း (၂)
## အခွန်ကျသင့်စေခြင်းနှင့် အခွန်ပေးဆောင်ရန် တာဝန်ရှိစေခြင်း

၄။ (က) မည်သူမဆိုအောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဤဥပဒေ၏ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည် -

(၁) အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်း၊

(၂) အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊

(၃) အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့ခြင်း။

(ခ) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို လက်ဝယ်ထားရှိသူ သို့မဟုတ် ပိုင်ဆိုင်သူများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဂ) အထူးကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း ဆောင်ရွက်သူတို့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။

၅။ ပုဒ်မ ၄ အရ အခွန်ကျသင့်သည့် အထူးကုန်စည်နှင့်စပ်လျဉ်း၍ -

(က) ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက -

(၁) အထူးကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။

(၂) ပုဒ်မခွဲငယ် (၁) အရ ပေးဆောင်ရမည့်အခွန်ကို အကောက်ခွန်ကောက်ခံသည့်နည်းလမ်းများအတိုင်း အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှင့်အတူ ကောက်ခံပေးရမည်။

(ခ) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို ထုတ်လုပ်သူက ပေးဆောင်ရမည်။

(ဂ) ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက ယင်းအထူးကုန်စည်ကို တင်ပို့သူက ပေးဆောင်ရမည်။

၆။ (က) မည်သည့်နှစ်အတွက်မဆို ဘဏ္ဍာနှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် -

(၁) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(၂) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှုတစ်ခုခုအပေါ် အခြေပြု၍ တွက်ချက်ရမည့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(၃) ပြည်ပသို့ တင်ပို့မှုအပေါ် အခွန်ကျသင့်မည့် အထူးကုန်စည်နှင့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(ခ) အခွန်ပေးဆောင်ခြင်းမရှိသေးသော ပြည်တွင်း၌ ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ပိုင်ဆိုင်ထားသည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ရောင်းဈေးတန်ဖိုးသတ်မှတ်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာအခွန်ထမ်းကလိုအပ်သည့် သတင်းအချက်အလက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။ မြို့နယ်အခွန်ဦးစီးဌာနမှူးကလည်း ထိုသတင်းအချက်အလက်များကို တောင်းယူရမည်။

၇။ (က) ပုဒ်မ ၄ အရ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် အောက်ဖော်ပြပါနေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှုတစ်ခုခုအပေါ် အခြေပြု သတ်မှတ်ထားသည့် အခွန်နှုန်းဖြင့် တွက်ချက်ရမည် -

(၁) ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ထိုအထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်သည့်နေ့၊

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည် ထုတ်လုပ်သည့်နေ့၊

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ပိုင်ဆိုင်ထားသော ကိစ္စရပ်တွင် စစ်ဆေးတွေ့ရှိသည့်နေ့။

(ခ) အထူးကုန်စည် ရောင်းဈေးတန်ဖိုးတွက်ချက်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည် သို့မဟုတ် ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ဖြစ်ပါက သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီအဖွဲ့က သတ်မှတ်အတည်ပြုထားသည့် ဈေးကွက်ပေါက်ဈေးကို အခြေခံရမည်။

(၂) ပြည်ပမှတင်သွင်းသည့်အထူးကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ် အခြေခံရမည်။

၈။ (က) မည်သူမဆို ဤဥပဒေအရ ကျသင့်သည့် အခွန်ကို အောက်ပါအတိုင်း ပေးဆောင်ရမည် -

(၁) အထူးကုန်စည်ကို ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကိုရွေးယူခြင်းမပြုမီပေးဆောင်ရမည်။

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက အထူးကုန်စည်ကို ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ အတိုင်း လိုက်နာဆောင်ရွက်ရန် ခက်ခဲသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## **အခန်း (၃)**
## **အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ**

၉။ (က) အောက်ဖော်ပြပါ အထူးကုန်စည်များအတွက် အခွန်မကျသင့်စေရ -

(၁) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြည်ပသို့ တင်ပို့မှုအပေါ် အခွန်ကျသင့်စေရန် သတ်မှတ်ထားသော အထူးကုန်စည်များမှတစ်ပါး ပြည်ပသို့တင်ပို့သော အထူးကုန်စည်များ၊

(၂) ခရီးသွားသူများအား အခွန်လွတ်အရောင်းဆိုင်မှ ရောင်းချသည့် အထူးကုန်စည်များ၊

(၃) ပြည်ပသို့ ပျံသန်းပြေးဆွဲနေစဉ် လေယာဉ် သို့မဟုတ် သင်္ဘောပေါ်တွင် ရောင်းချသည့် အထူးကုန်စည်များ၊

(၄) ပြန်လည်တင်ပို့ရန် ရည်ရွယ်ချက်ဖြင့် ယာယီတင်သွင်းသော အထူးကုန်စည်များ၊

(၅) ပြည်တွင်း ပြည်ပ အလှူရှင်များမှ ပြည်တွင်း၌လှူဒါန်းရန် လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များအတွက် တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ၊

(၆) အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာ သို့မဟုတ် သံတမန်ဆိုင်ရာ ကွန်ဗင်းရှင်းများအရ ကင်းလွတ်ခွင့်ရရှိသူတို့အတွက် တင်သွင်းလာသည့် အထူးကုန်စည်များ၊

(၇) ပြည်ပသို့ ထွက်ခွာမည့် လေယာဉ်များတွင် အသုံးပြုမည့် လောင်စာဆီများ။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကျသင့်သော အထူးကုန်စည် တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါကိစ္စရပ်များအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် ပြုနိုင်သည် -

(၁) ပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့အထောက်အပံ့အဖြစ် ပေးအပ်သောအထူးကုန်စည်များ သို့မဟုတ် အထောက်အပံ့ရရှိငွေဖြင့် ဝယ်ယူသည့် အထူးကုန်စည်များ၊

(၂) တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် အခွင့်အရေးမူတွင် ပါဝင်သည့်အထူးကုန်စည်များ၊

(၃) ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာအရိုင်းထည်များ၊ အချောထည်များနှင့် လက်ဝတ်ရတနာများမှအပ ပြည်ထောင်စုအစိုးရက နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေး အဖွဲ့အစည်းများ အသုံးပြုရန်တင်သွင်းလာသော သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်များ။

၁၀။ အောက်ဖော်ပြပါကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(က) ပြန်လည်တင်ပို့ခြင်း အစီအစဉ်ဖြင့် ပြည်ပမှ ယာယီအားဖြင့် တင်သွင်းလာသည့် အထူးကုန်စည်များဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊

(ခ) အခွန်ပြန်အမ်းငွေ ထုတ်ပေးခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ။

၁၁။ အထူးကုန်စည် ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့်အခွန်မှ ယင်းအထူးကုန်စည်ကို ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ အခြားအထူးကုန်စည် ထုတ်လုပ်သူထံမှဝယ်ယူသော ကုန်ကြမ်းများ၊ တစ်ပိုင်းတစ်စကုန်စည်များတင်သွင်းစဉ် သို့မဟုတ် ဝယ်ယူစဉ်က ပေးဆောင်ခဲ့ရသည့် အခွန်ကို ခုနှိမ်နိုင်သည်။ အထူးကုန်စည်ထုတ်လုပ်ရောင်းချမှုနှင့်စပ်လျဉ်း၍ အခွန် တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။ ယင်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို မိမိဦးစီးဌာနဝန်ထမ်းများအား တာဝန်ခွဲဝေပေးအပ်၍ အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်သည် -

(က) အထူးကုန်စည်၏ ဈေးကွက်ပေါက်ဈေး သတ်မှတ်ခြင်းနှင့် ယင်းဈေးကွက်ပေါက်ဈေးကို အခြေပြု၍ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၏ ခန့်မှန်းရောင်းဈေးသတ်မှတ်ခြင်း၊

(ခ) သတ်မှတ်ရက်အတွင်း အခွန်ပေးဆောင်ရန်အခက်အခဲရှိသည့်ကိစ္စရပ်များအတွက် အခွန်ပေးဆောင်ရမည့် နည်းလမ်းသတ်မှတ်ခြင်း၊ အခွန်ပေးဆောင်ရမည့် နေ့ရက်တိုးမြှင့်သတ်မှတ်ခြင်း၊

(ဂ) လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊

(ဃ) ပုံစံများ သတ်မှတ်ပေးခြင်း၊

(င) လုပ်ငန်းဥပစာနေရာများ၊ အထူးကုန်စည်များနှင့် မှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခြင်း၊

(စ) အထူးကုန်စည်များရွှေ့ပြောင်းခြင်းကို စစ်ဆေးခြင်းနှင့် ကန့်သတ်ခြင်း၊

(ဆ) အထူးကုန်စည်များကို ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊

(ဇ) နမူနာပစ္စည်းများရယူ၍ ကိုင်တွယ်ဖြေရှင်းခြင်း။

၁၃။ ပုဒ်မ ၁၂ အရ ညွှန်ကြားရေးမှူးချုပ်က မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို လွှဲအပ်တာဝန်ပေးခြင်း ခံရသူသည် -

(က) ဤဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်ရန်အတွက် မည်သည့်နည်းစနစ်ဖြင့်မဆို ထိန်းသိမ်းထားရှိသောစာရင်းများ၊ အထောက်အထားနှင့် အခြားစာရွက်စာတမ်းများ၊ လုပ်ငန်းဥပစာနေရာများ၊ အဆောက်အဦများအားလုံးကို ဝင်ရောက်ခွင့်၊ လွတ်လပ်စွာအပြည့်အဝ ဆောင်ရွက်နိုင်ခွင့်တို့ ရှိသည့်အပြင် အောက်ပါတို့ကို ပြုလုပ်ခွင့်ရှိသည် -

(၁) အဆိုပါစာရင်းစာအုပ်များ၊ အထောက်အထားနှင့် အခြားစာရွက်စာတမ်းများကို ကောက်နုတ်ချက်များထုတ်ယူခွင့်နှင့် မိတ္တူများကူးယူနိုင်ခွင့်၊

(၂) ဥပစာအတွင်း၌ရှိသောကုန်စည်များ၊ ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့်ကွန်တိန်နာများအားလုံးကို မှတ်တမ်းတင်ခြင်း၊ ရေတွက်ခြင်းနှင့် စစ်ဆေးခြင်း၊

(၃) ထိုသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများအပေါ်တွင် မှတ်မိစေရန် တံဆိပ်အမှတ်အသားများရိုက်နှိပ်ခွင့်၊ ယင်းတို့မှ ကောက်နုတ်ချက်များ ထုတ်ယူခွင့်နှင့် မိတ္တူများကူးယူခွင့်။

(ခ) အခွန်ကျသင့်သည့် အထူးကုန်စည်များထားရှိသော သိုလှောင်ရုံတစ်ခုခုမှ ထွက်ခွာလုဆဲဆဲ သယ်ယူပို့ဆောင်သည့် ယာဉ်များကို ရပ်တန့်ရန် တောင်းဆိုနိုင်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်သည့်အမှုကိစ္စတစ်ခုခုအတွက် ဟန့်တားခြင်း၊ ငြင်းပယ်ခြင်းပြုမည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် မြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်း တောင်းခံဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ အမြန်ဆုံးအစီရင်ခံတင်ပြရမည်။

(ဃ) ပုဒ်မခွဲ (က) ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရာတွင် သက်ဆိုင်သော ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်စည်ပိုင်ရှင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦးရှေ့မှောက်တွင် ဖြစ်စေရမည်။ စာရင်းစာအုပ်များ၊ စာရွက်စာတမ်းများသိမ်းဆည်းခြင်းဖြစ်လျှင် လက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးရမည့်အပြင် ယင်းတို့ကို စစ်ဆေးရန် လိုအပ်သည့်ကာလအထိသာ လက်ဝယ်ထားရှိရမည်။

၁၄။ အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာအတွင်းသို့ ဝင်ရောက်မှုအတွက် အခွင့်အာဏာရှိကြောင်း သက်သေခံတစ်ရပ်ကို ထိုနေရာတွင်လက်ရှိနေထိုင်သူက တောင်းဆိုသည့်အခါ ပုဒ်မ ၁၂ အရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အခွင့်အာဏာပေးခြင်းခံရသူဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က စာဖြင့် ရေးသားလက်မှတ်ရေးထိုးထားသည့် စာသက်သေခံတစ်ရပ်ကို ထုတ်ဖော်ပြသခြင်းမပြုနိုင်လျှင် အဆိုပါ

အဆောက်အအုံ သို့မဟုတ် လုပ်ငန်းဥပစာနေရာတစ်စုံတစ်ရာသို့ဝင်ရောက်ရန် သို့မဟုတ် ဆက်လက်တည်ရှိရန် အခွင့်မရှိစေရ။

## အခန်း (၅)
## မှတ်ပုံတင်ခြင်း

၁၅။ (က) အထူးကုန်စည် ထုတ်လုပ်သူသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံတွင် မှတ်ပုံတင်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ထုတ်လုပ်သူထံ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန် အကြောင်းကြားစာ ပေးပို့အကြောင်းကြားနိုင်သည်။

(ဂ) သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လုပ်ငန်းမှတ်ပုံတင်ကို ထုတ်ပေးရမည်။

## အခန်း (၆)
## ကြေညာလွှာ တင်သွင်းခြင်း

၁၆။ (က) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူသည် အထူးကုန်စည်ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ကျသင့်အခွန်ကိုပေးဆောင်ရမည့်အပြင် ယင်းလအတွက် အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်း ကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ကျသင့်သော အထူးကုန်စည်ထုတ်လုပ်သူမည်သူ့ကိုမဆို အထူးကုန်စည်များ ထုတ်လုပ်နေသည်ဟု ယူဆရန် အကြောင်းရှိလျှင် အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းအတွက် ကျသင့်အခွန်ပေးဆောင်စေရန်နှင့်ကြေညာလွှာကို ပေးပို့စေရန် အကြောင်းကြားနိုင်သည်။

(ဂ) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်ပမှတင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။

## အခန်း (၇)
## စည်းကြပ်ခြင်းနှင့် ပြန်အမ်းခြင်း

၁၇။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ပေးပို့သော ကြေညာလွှာသည် ဆောင်ရွက်သည့် အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ မှန်ကန်ပြည့်စုံသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယုံကြည်ကျေနပ်လျှင် ယင်းကြေညာလွှာကို အခြေပြု၍ အခွန်စည်းကြပ်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် စပ်လျဉ်း၍ ပေးပို့လာသည့် ကြေညာလွှာပါအချက်အလက်များမှ အထူးကုန်စည်ထုတ်လုပ်ရောင်းချမှုပမာဏကို မှန်ကန်စွာမရရှိနိုင်ဟုယုံကြည်ရန်အကြောင်းရှိလျှင် လိုအပ်သော အခြားသက်သေခံအထောက်အထားများကို စိစစ်ပြီး အခွန်စည်းကြပ်နိုင်သည်။

(ဂ) အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ ကြေညာလွှာပေးပို့ရန်ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍

အထူးကုန်စည်ထုတ်လုပ်ရောင်းချသည့်လ ကုန်ဆုံးပြီး တစ်လအတွင်း အထူးကုန်စည် ထုတ်လုပ်သူအား အခွန်စည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သည့်ကိုမဆိုခေါ်ယူ စစ်ဆေးခြင်း၊ သတင်းအချက်အလက်တောင်းခံခြင်း ပြုနိုင်သည်။

၁၈။ ပေးဆောင်ထားသော အခွန်သည် အမှန်ပေးဆောင်ရမည့် ငွေထက်ပိုနေကြောင်း အခွန်ထမ်းက အထောက်အထားဖြင့် တင်ပြနိုင်လျှင်သော်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင်သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက တွေ့ရှိလျှင်သော်လည်းကောင်း ယင်းပိုငွေကို ပြန်အမ်းရမည်။ အခွန်ထမ်းသည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာရရှိသည့်နေ့မှ တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်။

## အခန်း (၈)
## ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကို ပြင်ဆင်ခြင်း

၁၉။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မည်သည့်နှစ်တွင်မဆို အောက်ပါအကြောင်းတစ်ခုခုနှင့် စပ်လျဉ်း၍ ပြန်လည်စည်းကြပ်ခြင်း ပြုလုပ်နိုင်သည် -

(၁) အခွန်ပေးဆောင်ထိုက်လျက် လွတ်ကင်းနေခြင်း၊

(၂) အခွန်လျော့နည်းစည်းကြပ်ခဲ့ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ အခွန်ကို တွက်ချက်တောင်းခံရမည်။

၂၀။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မိမိဆောင်ရွက်ခဲ့သည့် စည်းကြပ်မှုနှင့်စပ်လျဉ်း၍ မှတ်တမ်း၌ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်တစ်ခုခုကိုတွေ့ရှိလျှင်ဖြစ်စေ၊ အခွန်ထမ်းကတင်ပြလျှင် ဖြစ်စေ ယင်းအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြန်လည်ပြင်ဆင်နိုင်သည်။

(ခ) အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးသည် မိမိဆောင်ရွက်သည့် အယူခံမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်တမ်းမှ ပေါ်လွင် ထင်ရှားသည့် မှားယွင်းချက်တစ်ခုခုကိုတွေ့ရှိလျှင်ဖြစ်စေ၊ အယူခံသူကတင်ပြလျှင်ဖြစ်စေ အယူခံအမိန့် ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြင်ဆင်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနှစ်အတွက် အကျိုး သက်ရောက်သည့် အခွန်နှုန်းအတိုင်းသာ တွက်ချက်ရမည့်အပြင် အခွန်ကို တိုးမြှင့်စေသည့် သို့မဟုတ် ပြန်အမ်းငွေကို လျော့နည်းစေသည့် ပြင်ဆင်ချက်ပြုလုပ်ရန်ဖြစ်လျှင် အခွန်ထမ်း သို့မဟုတ် အယူခံသူကို ဖြေရှင်းခွင့်ပေးရမည်။

## အခန်း (၉)
## အယူခံခြင်း

၂၁။ (က) အခွန်ထမ်းက မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့်ကိုမဆို မကျေနပ်လျှင် အောက်ပါ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများထံ အယူခံဝင်နိုင်သည် -

(၁) မြို့နယ်အခွန်ဦးစီးဌာနမှူးက စည်းကြပ်ခြင်းပြုသည့် အခွန်ကျပ် ၁၀ သိန်းထက်ပိုလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စု နယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး သို့မဟုတ် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်ဖြစ်ပြီး အခွန်ကျပ်သိန်း ၁၀၀ ထက်ပိုလျှင် အခွန်အယူခံခုံအဖွဲ့၊

(၃) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာပြဿနာနှင့် သက်ဆိုင်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

(ခ) အခွန်ထမ်းသည် -

(၁) မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမဆို မကျေနပ်လျှင် သတ်မှတ်ချက်များနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။

(၂) မြို့နယ်အခွန်ဦးစီးဌာနမှူးက ထုတ်ပေးသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အယူခံလွှာတင်သွင်းရမည်။

(ဂ) အခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးကချမှတ်သည့် အမိန့်ကိုမကျေနပ်လျှင် ယင်းမကျေနပ်သည့် အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံလွှာတင်သွင်းရမည်။

(ဃ) အယူခံဝင်ရောက်ခြင်းနှင့်စပ်လျဉ်း၍ ကာလစည်းကမ်းသတ် တွက်ချက်ရာတွင် အောက်ပါကာလများကို နုတ်ပယ်ရမည် -

(၁) အယူခံဝင်လိုသည့်အမိန့် မိတ္တူကူးရန် လိုအပ်သည့်ကာလ၊

(၂) အခွန်အကျေမပေးသွင်းဘဲ အယူခံခွင့်တောင်းခံရယူသည့်ကာလ။

(င) ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါ ကာလစည်းကမ်းသတ်ကို လုံလောက်သော အကြောင်းရှိလျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အခွန်အယူခံခုံအဖွဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးက လျှော့ပေါ့၍ လက်ခံနိုင်သည်။

(စ) အယူခံဝင်လိုသူသည် အောက်ပါအချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ပြီးမှသာ အယူခံခွင့်ရှိသည်-

(၁) ပေးဆောင်ရမည့်အခွန်ကို အကျေပေးသွင်းခြင်း၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီး ဌာနမှူး၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ စည်းကြပ်အခွန်၏ ၅၀ ရာခိုင်နှုန်းပေးသွင်းလျက် အယူခံခွင့်ပြုရန် လျှောက်ထား၍ ယင်းက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

(ဆ) သက်ဆိုင်ရာအယူခံရုံးသည် အယူခံမှုကို ဆုံးဖြတ်ရာ၌ အယူခံသူအား ပြောရေးဆိုခွင့်ပေးပြီးနောက် သင့်လျော်သော အမိန့်ကိုချမှတ်နိုင်သည်။

(ဇ) အခွန်သည် ကျပ် ၁၀ သိန်းထက်မပိုလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန်သည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူး၏

ဆုံးဖြတ်ချက်သည်လည်းကောင်း၊ အခွန်သည် ကျပ်သိန်း ၁၀၀ အထက်ဖြစ်ပြီး ဥပဒေရေးရာပြဿနာမပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ် ဖြစ်စေရမည်။

(ဈ) အခွန်အယူခံခုံအဖွဲ့၏ အမိန့်တွင် ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့်အချက်တစ်ခုခုပေါ်ပေါက်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ဆုံးဖြတ်စေရန် အယူခံသူကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန် ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူးကဖြစ်စေ အခွန်အယူခံခုံအဖွဲ့၏ အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ယင်းအဖွဲ့ထံသို့ အဆိုပြုနိုင်သည်။

(ည) ပုဒ်မခွဲ (ဈ) အရ အဆိုပြုချက်ကို အခွန်အယူခံခုံအဖွဲ့က ငြင်းပယ်လျှင် ယင်းသို့ငြင်းပယ်ခြင်းခံရသူက ငြင်းပယ်သည့် အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။

## အခန်း (၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၂။ မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်ကိုဆောင်ရွက်ရန်ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ထိုသူကို သက်ဆိုင်ရာ ပျက်ကွက်မှုတစ်မျိုးစီအတွက် အောက်ဖော်ပြပါအတိုင်း ဒဏ်ငွေအဖြစ်ပေးဆောင်စေခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုရမည် -

(က) သက်ဆိုင်ရာနှစ်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် ကျပ် ၅၀ သိန်း၊

(ခ) ဈေးကွက်ပေါက်ဈေး သတ်မှတ်ပေးနိုင်ရေးအတွက် ဤဥပဒေအရ တောင်းခံသည့် သတင်းအချက်အလက်များ အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် ကျပ် ၅၀ သိန်း၊

(ဂ) အခွန်မပေးဆောင်ရသေးသောအထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်းအတွက် ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းပေးဆောင်ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊

(ဃ) ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန်ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့် အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(င) ကြေညာလွှာကို အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် သက်ဆိုင်ရာလအတွက် ကျသင့်အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(စ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် တွေ့ရှိသည့် အထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း။

၂၃။ (က) မည်သူမဆို အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ကြောင်း သို့မဟုတ် အခွန်လျော့နည်းစေရန်အထူးကုန်စည်နှင့်သက်ဆိုင်သည့် အချက်အလက်များကို ထိမ်ချန်ကြောင်းတွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့် အချိန်အတွင်းတွင် အပြည့်အစုံ ထုတ်ဖော်ခွင့်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသောကာလအတွင်း အပြည့်အစုံထုတ်ဖော်ခဲ့လျှင် ယင်းက ပေးဆောင်ရမည့် အခွန်အပြင် တိမ်းရှောင်သည့် အခွန်၏ သို့မဟုတ် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ထုတ်ဖော်ခွင့်ရရှိသူသည် ခွင့်ပြုထားသည့်ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့် အထူးကုန်စည်ထုတ်လုပ်မှုပမာဏနှင့် သက်ဆိုင်သည့် အချက်အလက်များကို လျှော့နည်းထုတ်ဖော်လျှင် ပုဒ်မခွဲ (ခ) ပါ အခွန်နှင့် ဒဏ်ငွေနှစ်ရပ်စလုံးကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။

၂၄။ ပုဒ်မ ၂၃ (က) အရ ထုတ်ဖော်ခွင့်ရရှိသူသည် တရားစွဲဆိုခံရပြီး ခွင့်ပြုထားသည့်ကာလအတွင်း ထုတ်ဖော်ရန်ပျက်ကွက်ကြောင်း သို့မဟုတ် တိမ်းရှောင်ထိမ်ချန်ခဲ့သည့် အထူးကုန်စည်ပမာဏနှင့် သက်ဆိုင်သည့် အချက်အလက်များကို လျှော့နည်းထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၅။ (က) မည်သူမဆိုလိမ်လည်လှည့်ဖြားလိုသောရည်ရွယ်ချက်ဖြင့် အထူးကုန်စည်ထုတ်လုပ်မှုပမာဏနှင့် သက်ဆိုင်သည့် မမှန်သောကြေညာလွှာကို တမင်သက်သက်ပေးပို့ကြောင်း မမှန်သော သို့မဟုတ် မမှန်ဟု မိမိသိရှိ ယုံကြည်သောအထောက်အထားများကို တင်ပြကြောင်းတွေ့ရှိလျှင် ကျသင့်အခွန်၏ သုံးဆနှင့်ညီမျှသောဒဏ်ငွေကို ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်း ခံရမည်။

(ခ) မည်သူမဆို ပုဒ်မခွဲ (က) ပါ ပြစ်မှုကိုကျူးလွန်ကြောင်း တရားစွဲဆိုခံရပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၃၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၆။ မည်သူမဆို ဤဥပဒေကိုအကြောင်းပြု၍ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည် -

(က) ဤဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို မရိုးမဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသောသဘောဖြင့်ဖြစ်စေ အလွဲသုံးစားပြုလုပ်ခြင်း၊

(ခ) လုံလောက်သောအကြောင်းမရှိဘဲ ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်သည့်ကိစ္စကို ဆောင်ရွက်ခြင်းမပြုနိုင်ရန် ဟန့်တားခြင်း။

၂၇။ မည်သူမဆို ဤဥပဒေကို အကြောင်းပြု၍ လာဘ်ပေးလာဘ်ယူပြုလုပ်လျှင် သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသူကို ပြစ်မှုဆိုင်ရာဥပဒေအရ ဖြစ်စေ၊ ယင်းပြစ်မှုမျိုးအတွက် သီးခြားပြဋ္ဌာန်းသည့် တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ တရားစွဲဆိုရမည်။

၂၈။ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ဃ) အရ တရားစွဲဆိုခံရပြီး သတင်းအချက်အလက်တင်ပြရန် လုံလောက်သော အကြောင်းမရှိဘဲ ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည်။

## အခန်း (၁၁)
## အရကောက်ခံခြင်း

၂၉။ ဤဥပဒေအရ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့်နည်းလမ်းများနှင့်အညီ ပေးဆောင်ခြင်းမပြုလျှင် -

(က) အခွန်ထမ်းကို ပျက်ကွက်သူအဖြစ်လည်းကောင်း၊ ပေးဆောင်ရန်ပျက်ကွက်သည့်အခွန်ငွေကို အခွန် မပြေကျန်ငွေအဖြစ်လည်းကောင်း မှတ်ယူရမည်။

(ခ) အခွန်ထမ်းထံမှ အခွန်မပြေကျန်ငွေကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

## အခန်း (၁၂)
## အထွေထွေ

၃၀။ အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ဤဥပဒေပါကိစ္စရပ်များနှင့် သက်ဆိုင်သည့် လိုအပ်သောသတင်းအချက်အလက်ရှိသူတိုင်းကို ယင်းသတင်းအချက်အလက်တို့ကို ပေးပို့စေရန် တောင်းဆိုနိုင်သည်။

၃၁။ ပုဒ်မ ၃၀ အရ သတင်းအချက်အလက်များ တင်ပြရန် တောင်းဆိုခြင်းခံရသူသည် သတင်းအချက်အလက်ပေးပို့ရန် ပျက်ကွက်လျှင် -

(က) ထိုသူကို ၁၅ ရက်အထိ အချိန်ထပ်မံ တိုးမြှင့်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ တိုးမြှင့်ပေးသောအချိန်အတွင်း တင်ပြရန်ဆက်လက်ပျက်ကွက်ပါက ထိုသူအား အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက တရားမကျင့်ထုံးဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက် မည်သည့်အကြောင်းကြောင့် ပျက်ကွက်ကြောင်းကို စစ်ဆေးနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ စစ်ဆေးရာတွင် သတင်းအချက်အလက်များပေးရန် ပျက်ကွက်ရခြင်းသည် ထိုသူ၏ ပယောဂမပါဘဲ သက်ဆိုင်ရာစာရွက်စာတမ်းများ ပျောက်ပျက်ခြင်းကြောင့်ဖြစ်လျှင် ၎င်းအားမှတ်မိသမျှ ကတိသစ္စာပြုလုပ်စေပြီး သတင်းအချက်အလက်များတင်သွင်းရန် ခွင့်ပြုနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက်အရ လုံလောက်သောအကြောင်းမရှိဘဲ တင်ပြရန် ပျက်ကွက်ကြောင်း အခွန်အယူခံခုံအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင် ထိုသူအား တရားစွဲဆိုနိုင်သည်။

၃၂။ မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း သို့မဟုတ် တာဝန်ရှိသည့်အခွန်ကို ပေးဆောင်ရန် စီမံပြီးကြောင်း သက်သေခံလက်မှတ်ကို ဤကိစ္စအတွက် ဝန်ကြီးဌာနက တာဝန်လွှဲအပ်သောအဖွဲ့ထံမှမရလျှင် မြန်မာနိုင်ငံမှ ထွက်ခွာမသွားရ။

သို့ရာတွင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခြွင်းချက်ပြုနိုင်သည်။

၃၃။ (က) အထူးကုန်စည်များ ပြည်ပမှ တင်သွင်းခြင်းအတွက် ကောက်ခံရငွေမှအပဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အခွန်ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်သည်။

(ခ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် တပ်ရိုက်သည့် ဒဏ်ငွေ ကောက်ခံရငွေအပေါ် ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအချိုးအတိုင်း ဆုကြေးငွေချီးမြှင့်နိုင်သည်။

၃၄။ ဝန်ကြီးဌာနသည် -

(က) အခွန်ကျသင့်သော အထူးကုန်စည်များအနက် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရမည့် သို့မဟုတ် အခြားနည်းလမ်းကျင့်သုံးစေရမည့် အထူးကုန်စည်များကို သတ်မှတ်နိုင်သည်။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေခြင်း၊ အခြားနည်းလမ်းကျင့်သုံးစေခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

(ဂ) အထူးကုန်စည်ခံဝန်ချုပ်ဖြင့် အထူးကုန်စည်များ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၅။ ဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်များနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဇယား
## အထူးကုန်စည်ခွန်ကျသင့်သည့် အထူးကုန်စည်များ

အောက်ဖော်ပြပါ အထူးကုန်စည်များနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် အထူးကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့်အထူးကုန်စည်ဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနကဖော်ပြသော ရောင်းဈေးတန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေးအပေါ် အခြေပြု၍ ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနစီမံခန့်ခွဲမှုကော်မတီအဖွဲ့က ခန့်မှန်းသတ်မှတ်သည့်ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းအရ အခွန်ကျသင့်စေရမည်။ ယင်းအထူးကုန်စည်များအတွက် တန်ဖိုးအဆင့်နှင့်အခွန်နှုန်းသတ်မှတ်ချက်များကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြဋ္ဌာန်းဆောင်ရွက်သည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အညီ သတ်မှတ်ရမည် -

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁။ | (က) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (ခ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ်မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (ဂ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ်မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ဃ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ်မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (င) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ်မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ကျပ် |
| | (စ) စီးကရက်အမျိုးမျိုး | အလိပ် ၂၀ ပါ တစ်ဘူး ရောင်းဈေး ကျပ်နှင့် အထက်ဖြစ်လျှင် | တန်ဖိုး၏ % |
| | (ဆ) စီးကရက်အမျိုးမျိုး(ပြည်ပမှတင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၂။ | ဆေးရွက်ကြီး။ | | % |
| ၃။ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | | % |
| ၄။ | ဆေးပေါ့လိပ်။ | | % |
| ၅။ | ဆေးပြင်းလိပ်။ | | % |
| ၆။ | ဆေးတံသောက်ဆေးများ။ | | % |
| ၇။ | ကွမ်းစားဆေးအမျိုးမျိုး။ | | % |
| ၈။ | (က) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် အထိ ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ခ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဂ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဃ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (င) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (စ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဆ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဇ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဈ) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ည) အရက်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် နှင့် အထက်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ % |
| | (ဋ) အရက်အမျိုးမျိုး(ပြည်ပမှတင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၉။ | ဘီယာအမျိုးမျိုး။ | | % |
| ၁၀။ | (က) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် အထိဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ခ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဂ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဃ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (င) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (စ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဆ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဇ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ဈ) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် မှ ကျပ် အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ကျပ် |
| | (ည) ဝိုင်အမျိုးမျိုး | တစ်လီတာတန်ဖိုးကျပ် နှင့် အထက်ဖြစ်လျှင် | တစ်လီတာ တန်ဖိုး၏ % |
| | (ဋ) ဝိုင်အမျိုးမျိုး(ပြည်ပမှတင်သွင်းခြင်း) | ကုန်းပေါ်ရောက်တန်ဖိုး | % |
| ၁၁။ | ကျွန်း၊ သစ်မာသစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ။ | | % |
| ၁၂။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြား အဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ။ | | % |
| ၁၃။ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြား အဖိုးတန်ကျောက်မျက်ရတနာ အချောထည်များနှင့် လက်ဝတ်ရတနာများ။ | | % |
| ၁၄။ | Double Cab 4 Door Pick Up မှအပ ၁၈၀၀ CC အထက်ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | | % |
| ၁၅။ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေယာဉ်ဆီ။ | | % |
| ၁၆။ | သဘာဝဓာတ်ငွေ့။ | | % |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

## ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) အရ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား စိစစ်နိုင်ရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်အခွင့်အရေးကော်မတီတို့မှ အောက်ပါလွှတ်တော်ကိုယ်စားလှယ်များပါဝင်သော **"ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ"** ကို ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာလှမိုး | အောင်မြေသာစံမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးလင်းလင်းဦး | တနိုင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်ကျော်စိုး | ကယားပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (ဃ) | ဒေါ်နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး | ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၇) | အဖွဲ့ဝင် |
| (င) | ဦးရှန်အောရ် | ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (စ) | ဦးခင်မောင်သိန်း | စစ်ကိုင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးတင်ဝေ | တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဇ) | ဦးပိုက်ကို | ပခုက္ကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်မြတ်သီတာထွန်း | မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (ည) | ဦးဦးထွန်းမောင် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးတင်ထွန်းနိုင် | ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးခင်မောင်သီ | လှိုင်လင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | မန်းထွန်းကြိုင် | ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ်တောက်ထွန်း | တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးမင်းဦး | ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆) | အတွင်းရေးမှူး |

၂။ နာယကသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ ယင်းကော်မတီသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား သက်ဆိုင်ရာလွှတ်တော်အသီးသီး၌ ကတိသစ္စာပြုပြီးခြင်း ရှိ မရှိ စိစစ်ခြင်း၊ ခွင့်တိုင်ကြားသည့် လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ခြင်းနှင့် လိုအပ်ပါက ၎င်းတို့ကိုယ်စား ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ခွင့်ပန်ကြားခြင်းတို့ကို ဆောင်ရွက်ရမည်။

၄။ ကော်မတီ၏သက်တမ်းသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းအတိုင်း ဖြစ်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၆)

၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )

### ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးအဖွဲ့ ရုပ်သိမ်းခြင်း

၁။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးအဖွဲ့ကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ယခုအခါ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (ဂ) နှင့်အညီ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ပါ၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်းတာဝန်များကို အပိုဒ် ၂ အရ ဖွဲ့စည်းပြီးသော လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီသို့ လွှဲအပ်၍ အပိုဒ် ၁ ပါ လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးအဖွဲ့ကို ရုပ်သိမ်းလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

### အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

### လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းခြင်း

**ဖွဲ့စည်းခြင်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးတီခွန်မြတ် | ကွတ်ခိုင်မဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးတင်ထွန်းနိုင် | ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဂ) | ဦးပိုက်ကို | ပခုက္ကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးလင်းလင်းဦး | တနိုင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးစိန်ဗိုလ် | မြဝတီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်နန်းထွေးသူ | ဖားဆောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးခင်မောင်သိန်း | စစ်ကိုင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးအောင်စိုး | သရက်ချောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာမြင့်သိန်း | ညောင်လေးပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခင်မောင်သီ | လှိုင်လင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းစန်သိန်း | မိုးနဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးခွန်မောင်သောင်း | ပင်လောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးဦးထွန်းမောင် | ပုဏ္ဏားကျွန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ်တောက်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါက်တာလှမိုး | အောင်မြေသာစံမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည် -

(က) မိမိထံလွှဲအပ်သော ကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာ စစ်ဆေးဆောင်ရွက်ရမည်-

(၁) ကော်မတီသို့ လွှဲအပ်သော ကိစ္စများနှင့်စပ်လျဉ်းသော အချက်များကိုအခြေပြု၍ လွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာရောက် မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ္စ၊ မည်သို့သော အချက်များမှစတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ် လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

(ခ) အပိုဒ်ခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသော အကြံပေးချက်များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် လွှတ်တော်က မည်သည့် နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

(ဂ) လွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက လွှတ်တော်သို့ တင်ပြနိုင်သည်။

၅။ ကော်မတီသည် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ် များအား စိစစ်အတည်ပြုရမည်။

၆။ အပိုဒ် ၄ ပါတာဝန်များအရ ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို၊

(ခ) ကော်မတီတွင် တင်ပြသည့် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ၏ အစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၉။ (က) ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီသို့ လွှဲအပ်သော အခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီသည် အခါအားလျော်စွာစည်းဝေး၍ လွှတ်တော်က သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။ လွှတ်တော်က အစီရင်ခံစာတင်ပြမည့်ရက်ကို သတ်မှတ်ခြင်း မပြုလျှင် လွှတ်တော်က မိမိထံ လွှဲအပ်တာဝန်ပေးသောနေ့မှ တစ်လအတွင်း လွှတ်တော်သို့ အစီရင်ခံစာတင်ပြရမည်။

(ဂ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) ကော်မတီသည် သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာကို တင်ပြနိုင်ခြင်း မရှိပါက ကြားဖြတ်အစီရင်ခံစာတင်ပြရမည်။

၁၀။ ကော်မတီသည် မိမိ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် -

(က) လိုအပ်သည့် ပြင်ပပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း တင်ပြစေရန် ဆင့်ခေါ်နိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏အကျိုးကိုဖြစ်စေ ထိခိုက် နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

(ခ) ကော်မတီ၏ရှေ့တွင် သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများတင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့်ဆင့်ဆိုရမည်။ ကော်မတီ၏ရှေ့တွင် သက်သေ

ထွက်ဆိုချက်ကို သို့မဟုတ် သက်သေခံအဖြစ် တင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့် မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၁၁။ ကော်မတီအစည်းအဝေးများ ကျင်းပရာတွင် ဥပဒေအကြံဉာဏ်များရယူရန် လိုအပ်လျှင် ပြည်ထောင်စုရှေ့နေချုပ်အား ဖိတ်ကြားတက်ရောက်စေရမည်။

၁၂။ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန်အဆိုကို ဆောလျင်စွာ တင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်သောအခါ အစီရင်ခံစာကို ဆွေးနွေးရမည်။ လွှတ်တော်က ဆွေးနွေးပြီးသောအခါ ဆွေးနွေးရန်အဆိုတင်သွင်းသူကပင် အစီရင်ခံစာကို လွှတ်တော်က လက်ခံအတည်ပြုရန် အဆိုတင်သွင်းရမည်။

၁၃။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

## ကော်မတီ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ

၁၄။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၅။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

## အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အောက်ပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာမေဝင်းမြင့် | မရမ်းကုန်းမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးမျိုးနိုင် | ချမ်းအေးသာစံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာဝင်းအောင် | ခင်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်သိန်း | ဗန်းမော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်နီရွှေလျှန်း | ထန်တလန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်နန်းသန်းသန်းလွင် | ဘားအံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်တင်တင်ရီ | ကျွန်းစုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးထွန်းထွန်း | ပွင့်ဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ခင်စောဝေ | ရသေ့တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးခွန်အောင်ကျော် | ဟိုပုံးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းမောင်ပွင့်(ခ) ဦးအောင်ပွင့် | တန့်ယန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးဝင်းထူး | နမ့်ဆန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးခင်မောင်ဦး | ကျောက်တံခါးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်တင်စန်းနိုင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးဇုန်းတိန့် | ချီဖွေမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

### ကော်မတီ၏သက်တမ်း

၃။ ကော်မတီ၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

## ကော်မတီ၏တာဝန်များ

၄။ ကော်မတီသည် ပြည်သူ့လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကပေးခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ ဆောင်ရွက်ပြီးကြောင်း၊

(ခ) အဆိုပါအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ မရှိနှင့် မူလ သတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ မရှိ။

၅။ အပိုဒ် ၄ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်နိုင်ရေး အတွက် လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ ပြည်သူ့လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှတ်တွဲ အဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၇။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၈။ ကော်မတီသည် -

(က) အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သော နေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန် အဆိုတင်သွင်းရမည်။ ယင်းအဆိုအတည်ဖြစ်ပြီးသောအခါ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ ယူဆချက်များ၊ ထင်မြင်ချက်များနှင့် အကြံဉာဏ်များကို ပေးနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရ။

(ဃ) အစီရင်ခံစာကို လွှတ်တော်က ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင်တစ်ဦးသည် လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(င) လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

၉။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၁၀။ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့်လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

**ကော်မတီ၏ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) ဝင်းမြင့်
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တာဝန်ပြီးဆုံးခြင်း**

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ပြည်သူ့လွှတ်တော်၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဖွဲ့စည်းပြီးဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန်တာဝန်ကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) အရ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ တာဝန်ပြီးဆုံးပြီဖြစ်ပါသည်။

(ပုံ) ဝင်းမြင့်<br>ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )

**ပြည်သူ့ငွေစာရင်းကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ)၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ (ခ) နှင့် အမျိုးသားလွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ပြည်သူ့ငွေစာရင်းကော်မတီကို အောက်ပါအမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | | |
|---|---|---|---|---|
| (က) | ဦးစောသန်းထွန်း | မဲဆန္ဒနယ်အမှတ်(၂)၊ | ကရင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဂျေယောဝူ | မဲဆန္ဒနယ်အမှတ်(၁)၊ | ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးစောမိုးမြင့်(ခ)ဆင်မြူရယ် | မဲဆန္ဒနယ်အမှတ်(၁)၊ | ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဦးဟင်နရီဗန်ထီးယူ | မဲဆန္ဒနယ်အမှတ်(၃)၊ | ချင်းပြည်နယ် | အဖွဲ့ဝင် |
| (င) | ဦးဇုန်လှယ်ထန်း | မဲဆန္ဒနယ်အမှတ်(၄)၊ | ချင်းပြည်နယ် | အဖွဲ့ဝင် |
| (စ) | ဦးရဲထွန်း | မဲဆန္ဒနယ်အမှတ်(၅)၊ | စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |

(ဆ) ဒေါ်ရွှေရွှေစိန်လတ် မဲဆန္ဒနယ်အမှတ်(၃)၊ ပဲခူးတိုင်းဒေသကြီး အဖွဲ့ဝင်

(ဇ) ဒေါက်တာကျော်ငွေ မဲဆန္ဒနယ်အမှတ်(၁၀)၊ မကွေးတိုင်းဒေသကြီး အဖွဲ့ဝင်

(ဈ) ဦးထွန်းထွန်းဦး မဲဆန္ဒနယ်အမှတ်(၂)၊ မန္တလေးတိုင်းဒေသကြီး အဖွဲ့ဝင်

(ည) ဒေါ်နော်လှလှစိုး မဲဆန္ဒနယ်အမှတ်(၁၀)၊ ရန်ကုန်တိုင်းဒေသကြီး အဖွဲ့ဝင်

(ဋ) ဒေါ်ထုမေ မဲဆန္ဒနယ်အမှတ်(၁၁)၊ ရခိုင်ပြည်နယ် အဖွဲ့ဝင်

(ဌ) ဦးစိုးမိုး မဲဆန္ဒနယ်အမှတ်(၁)၊ ဧရာဝတီတိုင်းဒေသကြီး အဖွဲ့ဝင်

(ဍ) ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) မဲဆန္ဒနယ်အမှတ်(၄)၊ ရန်ကုန်တိုင်းဒေသကြီး အဖွဲ့ဝင်

(ဎ) ဗိုလ်မှူးချုပ်အောင်စန်းချစ် တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင်

(ဏ) ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် မဲဆန္ဒနယ်အမှတ်(၆)၊ ရှမ်းပြည်နယ် အတွင်းရေးမှူး

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် အမျိုးသားလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ တာဝန်များ**

၄။ ကော်မတီသည် -

(က) ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။ ယင်းသို့ စိစစ်ရာတွင် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ လျာထားရငွေများကို ပြည့်ဝစွာ ရရှိအောင် ဆောင်ရွက်ထားခြင်း ရှိ မရှိ သုံးစွဲခွင့်ပြုထားသော ငွေကြေးများကို ထိရောက်စွာ အသုံးပြု မပြု သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ သုံးစွဲခြင်း ရှိ မရှိ တို့ကို စိစစ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာသုံးစွဲခဲ့ခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့်လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(ဂ) အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြရန် တာဝန်ရှိသည် -

(၁) ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရ၏ တောင်းဆိုချက်အရ ကိစ္စရပ်တစ်ခုအတွက် ခွင့်ပြုထားသော သုံးငွေတစ်ရပ်ကို အခြားကိစ္စရပ်အတွက် ခေါင်းစဉ်ပြောင်း၍ သုံးသည့်ကိစ္စများ၊

(၂) ခွင့်ပြုထားသည့် သုံးငွေတစ်ရပ်အတွင်း ခေါင်းစဉ်ပြောင်း၍ သုံးစွဲရာ၌ ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းမျဉ်းများနှင့် ညီညွတ်မှုမရှိသည့်ကိစ္စများ၊

(၃) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ လမ်းညွှန်သင့်သော ဘဏ္ဍာငွေသုံးစွဲပုံနည်းလမ်း အားနည်းချက်များ၊

(၄) ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနက တောင်းဆိုသော အသုံးစရိတ်များနှင့် စပ်လျဉ်းသည့်ကိစ္စများ။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကုန်ထုတ်လုပ်မှု၊ လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ စာရင်းများ၊ နှစ်ချုပ်စာရင်းများနှင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိစသည်တို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်။

(င) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စု ဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးပေးရန် ညွှန်ကြားချက်အရ စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို လည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် စာရင်းများကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်။

၅။ ကော်မတီက စိစစ်ပေးရန် လိုအပ်သောကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီသည် -

(က) ပြည်ထောင်စုလွှတ်တော်၏ အကြောင်းကြားချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်း ဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို လွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ခ) လွှတ်တော်၏ဆုံးဖြတ်ချက်အရ လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလို စိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့်သဘောထားမှတ်ချက်တို့ကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တင်ပြချက်အရ စိစစ်ရန်လိုအပ်သည်ဟု လွှတ်တော်က ဆုံးဖြတ်၍ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်ပြီး ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက် ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၆။ ကော်မတီဝင်များသည် လွှတ်တော်ဥက္ကဋ္ဌကတာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယကက ဖွဲ့စည်းသော ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ၊ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့ရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၈။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၉။ အပိုဒ် ၄ နှင့် အပိုဒ် ၅ တို့ပါ တာဝန်များအရ ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို၊

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

၁၀။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကိုတင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် ၄ ရက်ထက်မစော ၁၀ ရက်ထက် နောက်မကျသော နေ့တစ်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၁။ ကော်မတီနှင့် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတို့က ဆောင်ရွက်ရမည့် ကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု အကျုံးဝင်တူညီနေပါက ကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

၁၂။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၃။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၄။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးတက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ဖြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ဖြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

**လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ (ဂ)၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ (ဂ) နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ လွှတ်တော်အခွင့်အရေးကော်မတီကို အောက်ပါအမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးအေးသာအောင် | မဲဆန္ဒနယ်အမှတ်(၆)၊ ရခိုင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးခင်မောင်မြင့် | မဲဆန္ဒနယ်အမှတ်(၉)၊ ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်ကျော်စိုး | မဲဆန္ဒနယ်အမှတ်(၇)၊ ကယားပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး | မဲဆန္ဒနယ်အမှတ်(၇)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (င) | ဦးရှန်အောရ် | မဲဆန္ဒနယ်အမှတ်(၂)၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (စ) | ဦးမောင်မောင်လတ် | မဲဆန္ဒနယ်အမှတ်(၉)၊ စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဆ) | ဦးတင်ဝေ | မဲဆန္ဒနယ်အမှတ်(၆)၊ တနင်္သာရီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဇ) | ဦးမြင့်ဆွေ | မဲဆန္ဒနယ်အမှတ်(၉)၊ မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဈ) | ဦးကျော်သီဟ | မဲဆန္ဒနယ်အမှတ်(၁၂)၊ မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ည) | ဒေါ်မြတ်သီတာထွန်း | မဲဆန္ဒနယ်အမှတ်(၅)၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်ထွေး | မဲဆန္ဒနယ်အမှတ်(၈)၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဌ) | ဦးစိုင်းစံအောင် | မဲဆန္ဒနယ်အမှတ်(၁၂)၊ ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဍ) | မန်းထွန်းကြိုင် | မဲဆန္ဒနယ်အမှတ်(၆)၊ ဧရာဝတီတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ်သန်းစိုး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးမင်းဦး | မဲဆန္ဒနယ်အမှတ်(၆)၊ ပဲခူးတိုင်းဒေသကြီး | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏ သက်တမ်းသည် အမျိုးသားလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ကော်မတီသည် -

(က) မိမိထံလွှဲအပ်သောကိစ္စအသီးသီးကို အောက်ပါအတိုင်း စုံလင်စွာစစ်ဆေးဆောင်ရွက်ရမည် -

(၁) ကော်မတီသို့ လွှဲအပ်သော ကိစ္စများနှင့်စပ်လျဉ်းသော အချက်များကိုအခြေပြု၍ လွှတ်တော်၏ အခွင့်အရေးကို ဖောက်ဖျက်ရာရောက် မရောက် စဉ်းစားဆုံးဖြတ်ခြင်း၊

(၂) မည်သို့သောကိစ္စ၊ မည်သို့သော အချက်များမှုစတင်၍ အခွင့်အရေးဖောက်ဖျက်မှု ဖြစ်ပေါ် လာရကြောင်းနှင့် မည်သို့မည်ပုံ ဖောက်ဖျက်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(၃) ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က မည်ကဲ့သို့ အရေးယူသင့်ကြောင်းကို လွှတ်တော်သို့ အစီရင်ခံတင်ပြခြင်း။

(ခ) အပိုဒ်ခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အစီရင်ခံစာတွင် ဖော်ပြပါရှိသော အကြံပေးချက်များကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ရန် လွှတ်တော်က မည်သည့် နည်းလမ်းများကို ကျင့်သုံးသင့်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြရမည်။

(ဂ) လွှတ်တော်က ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လိုအပ်ပါက လွှတ်တော်သို့ တင်ပြနိုင်သည်။

၅။ ကော်မတီသည် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်အတည်ပြုရမည်။

၆။ အပိုဒ် ၄ ပါတာဝန်များအရ ကော်မတီက စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို၊

(ခ) ကော်မတီတွင် တင်ပြသည့် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

၇။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော် လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၈။ ကော်မတီ၏ အစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၉။ (က) ကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီသို့ လွှဲအပ်သော အခွင့်အရေးကိစ္စတစ်ရပ်ကို စဉ်းစားဆုံးဖြတ်ရန် ကော်မတီသည် အခါအားလျော်စွာ စည်းဝေး၍ လွှတ်တော်က သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။ လွှတ်တော်က အစီရင်ခံစာတင်ပြမည့်ရက်ကို သတ်မှတ်ခြင်း

မပြုလျှင် လွှတ်တော်က မိမိထံ လွှဲအပ်တာဝန်ပေးသောနေ့မှ တစ်လအတွင်း လွှတ်တော်သို့ အစီရင်ခံစာ တင်ပြရမည်။

(ဂ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဃ) ကော်မတီသည် သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာကို တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာတင်ပြရမည်။

၁၀။ ကော်မတီသည် မိမိ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် -

(က) လိုအပ်သည့် ပြင်ပပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ စုံစမ်းမေးမြန်းနိုင်သည်။ စာရွက်စာတမ်းများ၊ မှတ်တမ်းများကိုလည်း တင်ပြစေရန် ဆင့်ခေါ်နိုင်သည်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ သက်သေထွက်ချက်သည် သို့မဟုတ် စာရွက်စာတမ်းများ၊ မှတ်တမ်းများသည် ကော်မတီ၏အလုပ်ဝတ္တရားများ ဆောင်ရွက်ရာတွင် သက်ဆိုင်သည် မသက်ဆိုင်သည်ဟူသော ပြဿနာပေါ်ပေါက်လာပါက အဆိုပါ ပြဿနာကို အဆုံးအဖြတ်ပေးရန် ကော်မတီဥက္ကဋ္ဌက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်သည်။ လွှတ်တော်ဥက္ကဋ္ဌက ချမှတ်သော အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ သို့ရာတွင် နိုင်ငံတော် လုံခြုံရေးကိုဖြစ်စေ၊ နိုင်ငံတော်၏အကျိုးကိုဖြစ်စေ ထိခိုက်နစ်နာဖွယ်ရာရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က စာရွက်စာတမ်း၊ မှတ်တမ်းတစ်ရပ်ကို ကော်မတီသို့ ထုတ်ဖော်ပြောဆိုတင်ပြရန် ငြင်းဆိုနိုင်သည်။

(ခ) ကော်မတီ၏ရှေ့တွင် သက်သေခံရန်ဖြစ်စေ၊ စာရွက်စာတမ်း၊ မှတ်တမ်းများတင်ပြရန်ဖြစ်စေ လိုအပ်သောအခါ သက်ဆိုင်သူအား စာဖြင့်ဆင့်ဆိုရမည်။ ကော်မတီ၏ရှေ့တွင် သက်သေထွက်ဆိုချက်ကို သို့မဟုတ် သက်သေခံအဖြစ် တင်ပြသော စာရွက်စာတမ်း၊ မှတ်တမ်းကို လျှို့ဝှက်ထားသင့် မသင့် ကော်မတီက ဆုံးဖြတ်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

၁၁။ ကော်မတီအစည်းအဝေးများ ကျင်းပရာတွင် ဥပဒေအကြံဉာဏ်များရယူရန် လိုအပ်လျှင် ပြည်ထောင်စုရှေ့နေချုပ်အား ဖိတ်ကြားတက်ရောက်စေရမည်။

၁၂။ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန်အဆိုကို ဆောလျင်စွာ တင်သွင်းရမည်။ ယင်းအဆို အတည်ဖြစ်သောအခါ အစီရင်ခံစာကို ဆွေးနွေးရမည်။ လွှတ်တော်က ဆွေးနွေးပြီးသောအခါ ဆွေးနွေးရန်အဆို တင်သွင်းသူကပင် အစီရင်ခံစာကို လွှတ်တော်က လက်ခံအတည်ပြုရန် အဆိုတင်သွင်းရမည်။

၁၃။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၁၄။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၅။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၆)**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

**ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ (ဃ)၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ (ဃ) နှင့် အမျိုးသားလွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အောက်ပါအမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးသိမ်းဆွေ | မဲဆန္ဒနယ်အမှတ်(၁၀)၊ ဧရာဝတီတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးမင်းဆွေနိုင် | မဲဆန္ဒနယ်အမှတ်(၆)၊ ကချင်ပြည်နယ် | အဖွဲ့ဝင် |
| (ဂ) | ဦးဖြေရယ် (ခ) ဦးမြင့်သန်းထွန်း | မဲဆန္ဒနယ်အမှတ်(၁)၊ ကယားပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစောချစ်ဦး | မဲဆန္ဒနယ်အမှတ်(၃)၊ ကရင်ပြည်နယ် | အဖွဲ့ဝင် |
| (င) | ဒေါ်ခင်ဆွေလွင် | မဲဆန္ဒနယ်အမှတ်(၉)၊ ချင်းပြည်နယ် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းအောင် | မဲဆန္ဒနယ်အမှတ်(၃)၊ စစ်ကိုင်းတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်ဝင်း | မဲဆန္ဒနယ်အမှတ်(၁)၊ တနင်္သာရီတိုင်းဒေသကြီး | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဇ) | ဒေါက်တာမိုးမြင့်အောင် | မဲဆန္ဒနယ်အမှတ်(၂)၊ ပဲခူးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဈ) | ဦးပြုံးလွင် | မဲဆန္ဒနယ်အမှတ်(၁၂)၊ မကွေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ည) | ဦးကျော်မြင့်ဦး | မဲဆန္ဒနယ်အမှတ်(၁၀)၊ မန္တလေးတိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဋ) | ဦးလှမြင့်သန်း (ခ) ဦးလှမြင့် | မဲဆန္ဒနယ်အမှတ်(၁၁)၊ မွန်ပြည်နယ် | အဖွဲ့ဝင် |
| (ဌ) | ဦးခင်မောင်လတ် | မဲဆန္ဒနယ်အမှတ်(၃)၊ ရခိုင်ပြည်နယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးချုပ်သက်ထွန်းအောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဦးဌေးဦး | မဲဆန္ဒနယ်အမှတ်(၂)၊ ရန်ကုန်တိုင်းဒေသကြီး | အဖွဲ့ဝင် |
| (ဏ) | ဦးကျော်နီနိုင် | မဲဆန္ဒနယ်အမှတ်(၁၁)၊ ရှမ်းပြည်နယ် | အတွင်းရေးမှူး |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏ သက်တမ်းသည် အမျိုးသားလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်များ**

၄။ ဤကော်မတီသည် အမျိုးသားလွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ပြီး အောက်ပါအချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကပေးခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေထိ ဆောင်ရွက်ပြီးကြောင်း၊

(ခ) အဆိုပါအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ဆောင်ရွက်ပြီးဖြစ်လျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့်ကာလအတွင်း သတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ မရှိ နှင့် မူလ သတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ မရှိ။

၅။ အပိုဒ် ၄ ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်းရှိ မရှိစိစစ်နိုင်ရေး အတွက် လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

၆။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၈။ ကော်မတီသည် -

(က) အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြပြီးနောက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌက သတ်မှတ်သောနေ့တွင် အစီရင်ခံစာကို ဆွေးနွေးရန် အဆိုတင်သွင်းရမည်။ ယင်းအဆိုအတည်ဖြစ်ပြီးသောအခါ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့၏ယူဆချက်များ၊ ထင်မြင်ချက်များနှင့်အကြံဉာဏ်များကိုပေးနိုင်သည်။ သို့ရာတွင် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်များ မပြုလုပ်ရ။

(ဃ) အစီရင်ခံစာကို လွှတ်တော်က ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သောကော်မတီဝင်တစ်ဦးသည် လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

(င) လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း အပြီးသတ်အစီရင်ခံစာ တင်ပြနိုင်ခြင်းမရှိပါက ကြားဖြတ်အစီရင်ခံစာ တင်ပြရမည်။

၉။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

၁၀။ ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို စိစစ်ရာတွင် -

(က) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ထောက်ခံသူမလို။

(ခ) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့်လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

**ကော်မတီ၏ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၁၁။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၂။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

**[ ယခင်အပတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကြေညာချက်အမှတ် (၇၇/၂၀၁၅) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်းမှအဆက် ]**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **မွန်ပြည်နယ်** | | | | |
| (၃၉) | ဦးစောကျော်ဝင်းမောင် | ၁၀/သဖရ(နိုင်)၀၁၀၉၁၆ | ကျိုက်မရော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၀) | ဒေါ်မိကွန်ချမ်း | ၁၀/မလမ(နိုင်)၀၀၆၀၉၈ | ပေါင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၁) | ဒေါက်တာခင်ဆောင် | ၁၀/ကထန(နိုင်)၀၆၆၂၆၆ | ကျိုက်ထို | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၂) | ဦးတင်ကိုကိုဦး(ခ)အတွတ် | ၁၀/ဘလန(နိုင်)၀၅၇၉၅၄ | ဘီးလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၄၃) | ဒေါက်တာစောနိုင် | ၁၂/သဃက(နိုင်)၀၂၃၇၁၅ | တောင်ဥက္ကလာပ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၄) | ဒေါက်တာခင်မောင်မောင် | ၁၂/ဥကတ(နိုင်)၁၁၄၂၇၇ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၅) | ဦးအေးနိုင် | ၁၂/လမန(နိုင်)၁၀၀၇၄၁ | ဒဂုံမြို့သစ် (တောင်ပိုင်း) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၆) | ဒေါ်အေးမြမြမျိုး | ၁၃/တကန(နိုင်)၁၄၃၃၄၁ | ကျောက်တန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၇) | ဦးမြင့်လွင် | ၁၂/တတန(နိုင်)၁၀၈၂၈၅ | တွံတေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၈) | ဒေါ်အောင်ဆန်းစုကြည် | ၁၂/ဗဟန(နိုင်)၁၀၉၄၅၈ | ကော့မှူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၄၉) | ဦးစိုးမြင့် | ၁၃/ပတယ(နိုင်)၀၀၄၁၀၅ | ပင်းတယ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၀) | ဦးစိုင်းထွန်းအောင် | ၁၃/ကမန(နိုင်)၀၆၈၉၈၁ | ကျောက်မဲ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၁) | ဦးအောင်မြင့်ရှိန် | ၁၃/မဘန(နိုင်)၀၀၀၀၅၉ | မဘိမ်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၂) | ဦးစိုင်းဖိုးမြတ် | ၁၃/မဆတ(နိုင်)၀၀၆၆၆၃ | မူဆယ် | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၃) | ဦးစိုင်းခတ္တိယ | ၁၃/မဆန(နိုင်)၀၁၂၃၅၁ | မိုင်းဆတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၄) | ဦးအောင်ကျော်ဦး(ခ) ဦးကျော်ဦး | ၁၃/မတန(နိုင်)၀၀၁၈၉၁ | မိုင်းတုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၅) | ဦးစိုင်းထွန်းအောင် | ၁၃/မယတ(နိုင်)၀၀၂၂၅၇ | မိုင်းယောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၅၆) | ဦးခင်မောင်ရီ | ၁၄/ဟသတ(နိုင်)၀၅၈၉၅၀ | ဟသ်ာတ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၇) | ဒေါ်သန္တာ | ၁၂/အစန(နိုင်)၁၅၇၀၈၂ | အိမ်မဲ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၈) | ဦးမန်းညွန့်သိန်း | ၁၄/ပတန(နိုင်)၀၀၄၁၈၅ | ပန်းတနော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၅၉) | ဦးတင်လှ | ၁၄/ဓနဖ(နိုင်)၀၀၇၀၃၈ | ဓနုဖြူ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၀) | ဦးဝင်းထွဋ်ှ | ၁၂/လမန(နိုင်)၀၉၃၈၂၀ | ဖျာပုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆၁) | ဦးမင်းသိုင်း | ၁၄/ဘကလ(နိုင်)၁၄၄၇၈၁ | ဘိုကလေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၆၈/၂၀၁၅)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

ပို့ဆောင်ရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ အတွင်းဝန်ရုံးအပါအဝင် ဦးစီးဌာန (၄) ခု၊ စီးပွားရေးဌာန (၄) ခု၊ ကျောင်း (၂) ကျောင်းတို့၏ပူးတွဲစာရင်းဖြင့်အသေးစိတ်ဖော်ပြထားသည့် အောက်ဖော်ပြပါနိုင်ငံတော်ပိုင်မြေဧရိယာ၊ ရုံးအဆောက်အဦနှင့်ဝန်ထမ်းအိမ်ရာတို့အား မှတ်တမ်းတင်ထားရှိနိုင်ရန် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၆/၂၀၁၅)၏ သဘောတူညီချက်အရ ၎င်းအဆောက်အဦနှင့် မြေများကို နိုင်ငံတော်ကိုယ်စား ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရသော နိုင်ငံပိုင်မြေနှင့် အဆောက်အဦများအဖြစ် သတ်မှတ်လိုက်သည် -

| စဉ် | ဌာန/အဖွဲ့အစည်း အမည် | အုပ်ချုပ်မှု/အိမ်ရာ မြေဧရိယာ(ဧက) | အုပ်ချုပ်မှု/အိမ်ရာ အဆောက်အဦ(လုံး) |
|---|---|---|---|
| ၁။ | လေကြောင်းဦးစီးဌာန | ၄၄၄၉၃. ၄၄၆၇ | ၈၀၈ |
| ၂။ | ရေကြောင်းဦးစီးဌာန | ၄၄. ၇၃၀၄ | ၈၅ |
| ၃။ | ရေအရင်းအမြစ်ဦးစီးဌာန | ၅၈. ၆၃၈ | ၇၉ |
| ၄။ | မိုး/ဇလဦးစီးဌာန | ၁၅၂. ၂၂၃၄ | ၃၁၂ |
| ၅။ | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | ၄၆၈၁. ၇၂၂ | ၆၁၂ |
| ၆။ | မြန်မာအမျိုးသားလေကြောင်း | ၁၄. ၄၂၂ | ၅၃ |
| ၇။ | ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | ၁၉၉. ၈၅၇ | ၂၄၀ |
| ၈။ | မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် | ၁၀. ၄၅၁ | ၄၁ |
| ၉။ | မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | ၁၁၂. ၈၅ | ၃၀ |
| ၁၀။ | မြန်မာ့သင်္ဘောကျင်းလုပ်ငန်း | ၁၃၅. ၄၁၆ | ၃၁ |
| | **စုစုပေါင်း** | **၄၉၉၀၃. ၇၅၇ ဧက** | **၂၂၉၁ လုံး** |

ဉာဏ်ထွန်းအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်<br>( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက် )

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၅) ၏ အတည်ပြုချက်အရ နိုင်ငံတော်သမ္မတရုံး၊ လုံခြုံရေးနှင့်သတင်းဆိုင်ရာရုံးမှ အောက်ဖော်ပြပါ အရာထမ်းများအား လစာနှုန်းတူရာထူးဖြင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီသို့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ ညနေပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင် စေလိုက်သည် -

| စဉ် | အမည် | ရာထူး | လစာနှုန်း |
|---|---|---|---|
| (၁) | ဦးမျိုးမင်းထွန်း | လက်ထောက်ညွှန်ကြားရေးမှူး | ၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀ |
| (၂) | ဒေါ်ဌေးဌေးမြင့် | ဦးစီးအရာရှိ | ၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀ |

### အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

ဤရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၆) အရ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် အကြံပေးပုဂ္ဂိုလ်များဌာနတွင် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပါသည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ရာထူးနေရာ၌ ဝန်ကြီးဌာနများဆိုင်ရာ

စီမံကိန်းစာရင်းအင်းနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းကျော်အောင်အား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့၊ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

# ပြည်သူ့လွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် )

## ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်း

ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သည့် သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဦးစီးအရာရှိရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးမျိုးဆွေအား လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများလက်ခံဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၆)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )

ပြည်သူ့လွှတ်တော်ရုံးတွင် ဦးအယ်လ်ဆိုင်းခွန်၊ နိုင်ငံသားစိစစ်ရေးအမှတ် ၁၃/ကခန (နိုင်) ၀၅၀၈၆၃ အား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူး နေရာ၌ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၇၀,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

# အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၀၆/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

အမျိုးသားလွှတ်တော်ရုံး၊ ဦးစီးရုံးမှ ဦးစီးအရာရှိ ဦးရဲမျိုးဝင်းအား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့် နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်<br>( ၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**အာ(ရ်)ဒဗလျူ အန် ရီးရဲ(လ်)အက်(စ်)တေ့(တ်) ကုမ္ပဏီလီမိတက်**

**( R W N REAL ESTATE COMPANY LIMITED )**

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **အာ(ရ်)ဒဗလျူ အန် ရီးရဲ(လ်)အက်(စ်)တေ့(တ်) ကုမ္ပဏီလီမိတက်** **( R W N REAL ESTATE COMPANY LIMITED )** ကို အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မေမေတင့်၊ ဘီကွမ်း (အေအေ) စီပီအေ အား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့မှစ၍ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁၈) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

KYAW ZAW WIN
MANAGING DIRECTOR
R W N REAL ESTATE COMPANY LIMITED

မေမေတင့်
[ဘီကွမ်း (အေအေ)၊ စီပီအေ]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၂၂၅)၊ (ဒုထပ်)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## ဒီရာနှုန်းပြည့် ကုမ္ပဏီလီမိတက်

ဖျက်သိမ်းရန်ကြေညာချက်

၁။ **ဒီရာနှုန်းပြည့် ကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၇-၃-၂၀၁၆) နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသားစိစစ်ရေးအမှတ် - ၅/ရဥန (နိုင်) ၀၅၅၂၈၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁၇. ၄. ၂၀၁၆) နေ့ နောက်ဆုံးထား၍ ဦးဇော်လွင် (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးနိုင်အေး | ဦးဇော်လွင် |
| အုပ်ချုပ်မှုဒါရိုက်တာ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒီရာနှုန်းပြည့် ကုမ္ပဏီလီမိတက် | အမှတ် (၁၅၃)၊ ပထမထပ် (ညာ)၊ ဆိပ်ကမ်းသာလမ်း၊ |
| | ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |

## ရောဝတီ တော်ဝင်သူရဲကောင်းများ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

ဖျက်သိမ်းရန်ကြေညာချက်

၁။ **ရောဝတီ တော်ဝင်သူရဲကောင်းများ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၇-၃-၂၀၁၆) နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇော်လွင် [နိုင်ငံသားစိစစ်ရေးအမှတ် - ၅/ရဥန (နိုင်) ၀၅၅၂၈၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁၈. ၄. ၂၀၁၆) နေ့ နောက်ဆုံးထား၍ ဦးဇော်လွင် (စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ) ထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| ဦးကျော်စိုးမိုးလွင် | ဦးဇော်လွင် |
| အုပ်ချုပ်မှုဒါရိုက်တာ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ရောဝတီတော်ဝင်သူရဲကောင်းများဝန်ဆောင်မှု | အမှတ် (၁၅၃)၊ ပထမထပ် (ညာ)၊ ဆိပ်ကမ်းသာလမ်း၊ |
| ကုမ္ပဏီလီမိတက် | ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |

COMPANY LIQUIDATION

VOLUNTARY LIQUIDATION OF

**THINK TANK PROJECT MANAGEMENT & CONSULTING COMPANY LIMITED**

In accordance with the THINK TANK PROJECT MANAGEMENT & CONSULTING COMPANY LIMITED'S extraordinary annual general meeting resolution is passed at 28th January, 2016 Daw May Si (B.Com, C.P.A) and Daw Nway Kyi Phyu Hlaing [B.Com, C.P.A, D.B. L, ACCA (Final)] are appointed as company's liquidator and assistant company's liquidator respectively on that meeting.

The company's creditors standing as at 27-1-2016 Balance Sheet date is requested to submit their claims together with the supporting legal documents to the above mentioned liquidator not later than 18-4-2016.

Daw Hla Mon
Managing Director
THINK TANK PROJECT MANAGEMENT &
CONSULTING COMPANY LIMITED

Daw May Si
B.Com, C.P.A
Company's Liquidator,
No.49, 3rd Street, Malar Myaing
Okkyin, Yangon.
Ph: 01-522684, 09-5042447

**MYANMAR INTEGRATED BUSINESS SERVICES CO., LTD.**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ - င အရ၊ ဖျက်သိမ်းဆဲ MYANMAR INTEGRATED BUSINESS SERVICES CO., LTD. ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၁-၄-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၉း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## PRIMROSE TRADING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ - င အရ ဖျက်သိမ်းဆဲ PRIMROSE TRADING COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၁-၄-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၀း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## A TEAM TRADING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ - င အရ ဖျက်သိမ်းဆဲ A TEAM TRADING COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၁-၄-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## AGRI-CARE COMPANY LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ Agri - Care Company Limited ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁-၂-၂၀၁၆) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၅၅) မြေညီထပ်၊ အလယ်ဘလောက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးသန်းဇော်လင်း (B.A, DA, DMA) (Senior Auditor) [၁၄/ကခန (နိုင်) ၀၆၈၃၆၄] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးမြင့်သန်း | ဦးသန်းဇော်လင်း |
| မန်နေးဂျင်းဒါရိုက်တာ | အကြီးတန်းစာရင်းစစ် |
| Agri - Care Company Limited | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ရတနာပုံ တယ်လီပို့ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၉ က (၂) အရ
မှီရှင်များ၏ အစည်းအဝေးပြုလုပ်ရန် အကြောင်းကြားစာ

အထက်ဖော်ပြပါ ရတနာပုံတယ်လီပို့ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Yadanarpon Teleport Trading Co.,Ltd.) မှီရှင်များ၏ အစည်းအဝေးကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ အမှတ် -၂၅ ၌ ၂၀၁၆ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့၊ နံနက် (၁၁:၀၀) နာရီအချိန်တွင် ရတနာပုံတယ်လီပို့ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းဆိုင်ရာ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးကျင်းပအပြီးတွင် အောက်ပါကိစ္စများအား ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

၁။ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ (သို့မဟုတ်) အရာရှိများ ခန့်အပ်ခြင်းကို အတည်ပြုရန်၊

၂။ မှီရှင်များက သင့်လျော်သည်ဟု ယူဆပါက စစ်ဆေးရေးကော်မတီတစ်ရပ်ဖွဲ့စည်းရန်၊

၃။ ထို့အပြင် မှီရှင်များသည် မိမိတို့ တောင်းခံပိုင်ခွင့်ရှိသည့် ကြွေးမြီများအား စာရင်းအထောက်အထားများနှင့်တကွ အထက်ပါအစည်းအဝေးတွင် တင်ပြတောင်းခံရန်အသိပေး အကြောင်းကြားအပ်ပါသည်။

ဦးစိုးသိန်း
မန်နေးဂျင်းဒါရိုက်တာ
ရတနာပုံ တယ်လီပို့ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

**JOURNEYS LIMITED**

အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (င) အရ

အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၈. ၄. ၂၀၁၆) နံနက် ၁၁း၀၀ နာရီတွင် အမှတ် (၅၃)၊ နဂါးရုံဘုရားလမ်း၊ ၈- မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အစုရှင်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

S.B. Chetry @ Win Tin
Managing Director
Journeys Limited

ဦးလူငွေ
၅/ထခန (နိုင်) ၀၀၁၁၃၈
တရားလွှတ်တော်ရှေ့နေ

**COMPANY LIQUIDATION VOLUNTARY LIQUIDATION OF K Z S TRADING COMPANY LIMITED**

In accordinary with the K Z S TRADING COMPANY LIMITED'S extraordinary annual general meeting resolution is passed at 15-3-2016 U Lu Ngwe [(L.L.B) Advocate] is appointed as company's liquidator on that meeting.

The company's creditors standing as at 29-2-2016 balance sheet date is requested to submit their claims together with the supporting legal documents to the above mentioned liquidator not later than one month.

U Thein Than
Managing Director,
K Z S TRADING CO., LTD

U Lu Ngwe
Advocate
Company Liquidator

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၈-၃-၂၀၁၆။